**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၀)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ၄ - ၃ - ၂၀၁၉ ရက်နေ့တွင် အစည်းအဝေး

သို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့် အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးငွေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ မိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဆေးရုံတက်ရောက်နေပါသဖြင့်။ ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ကျန်းမာရေး။ ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးရဲထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါက်တာ မြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီလုပ်ငန်း တာဝန်များဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန် ထမ်းဆောင်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ငွေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ပြည်ပခရီးစဉ်တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ကွင်းအမှတ်(၂၈၈/က)ရှိ လယ်ယာမြေဧက(၂၀၀)ကျော်အား ယခင် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ကြွေထည်၊ မြေထည်စီမံကိန်းအတွက် သိမ်းယူခဲ့ပြီး စီမံကိန်း ပျက်ပြယ်ပြီးနောက် မူလပိုင်ရှင် တောင်သူများထံ ပြန်လည်ပေးအပ်ခြင်းမပြုဘဲ ပုဂ္ဂလိကလုပ်ငန်းရှင် လေးဦးထံ လွှဲအပ်ရောင်းချခြင်း၊ မြေငှားဂရန်ချထားပေးခြင်းဖြင့် မမှန်မကန် ဆောင်ရွက်ခဲ့ခြင်းအား ပြန်လည်စိစစ်၍ မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ် စိုက်ပျိုးခွင့်ပြုနိုင်ရေး ကိုင်တွယ်ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) က မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ကွင်းအမှတ်(၂၈၈/က)ရှိ လယ်ယာမြေဧက (၂၀၀)ကျော်အား ယခင် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ကြွေထည်၊ မြေထည်စီမံကိန်းအတွက်သိမ်းယူခဲ့ပြီး စီမံကိန်းပျက်ပြယ်ပြီးနောက် မူလပိုင်ရှင်တောင်သူများထံ ပြန်လည်ပေးအပ်ခြင်းမပြုဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်လေးဦးထံ လွှဲအပ်ရောင်းချခြင်း၊ မြေငှားဂရန်ချပေးခြင်းဖြင့် မမှန်မကန် ဆောင်ရွက်ခဲ့ခြင်းအား ပြန်လည်စိစစ်၍ မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်စိုက်ပျိုးခွင့်ပြုနိုင်ရေး ကိုင်တွယ်ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)ဖြစ်ပါတယ်။ လိုအပ်သည့်ကဏ္ဍများတွင် Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြတောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အမှတ်(၅)နယ်မြေ၊ ကွင်းအမှတ်(၂၈၈/က)ရှိ လယ်ယာမြေဧက (၂၀၀)ကျော်ကို အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ကြွေထည်၊ မြေထည်လုပ်ငန်းအတွက် မြေနေရာရွေးချယ်စဉ်ကတည်းက ဒေသခံတာဝန်ရှိသူများက လယ်သမားကြီးများရဲ့ လယ်မြေများကို လက်ညှိုးထိုးလိမ်လည်ကာ လွဲမှားစွာ လယ်ယာမြေဧက (၂၀၀)ကျော်ကို သိမ်းဆည်းရန် ထိုစဉ်က အောက်ခြေအာဏာပိုင်အဖွဲ့နှင့် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း မတ္တရာအနီးရှိ တံငါသည်ကျေးရွာအနီးက ရွှံ့စေးမြေကောင်းနေရာမှ မြေနမူနာကိုယူကာ ရွှံ့စေးမြေနည်းပါးပြီး ကျောက်စရစ်နည်းသော (၂၈၈/က)လယ်ယာမြေကို လက်သိပ်ထိုး၍ နေရာလွဲကာ စီစဉ်ခဲ့ကြခြင်းဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ရပါတယ်။ အမှန်အားဖြင့် (၂၈၈/က)ကွင်းမြေသည် စပါးအထွက်နှုန်းကောင်းသော မူလပိုင်ရှင်လယ်သမားကြီးများ၏ လယ်မြေကောင်းများဖြစ်ကြောင်းလည်း သိရှိရပါတယ်။

အဆိုပါအောက်ခြေမှ လွဲမှားစွာစီစဉ်ခဲ့သည့် တောင်သူ (၂၇)ဦး၏ လယ်ယာမြေဧက (၂၀၀)ကျော်မှ ငါးမွေးမြူရေးကန် (၄၈.၇၉)ဧကအဖြစ် ၁၉၉၁ - ၁၉၉၂ ကာလကတည်းကအသုံးပြုခဲ့၍ လက်ရှိ တရုတ်လူမျိုးတစ်ဦးကလုပ်ကိုင်နေပြီး ကျန်မြေ (၁၃၃.၉၅)ဧကကို ကြွေထည်၊ မြေထည်

စီမံကိန်း ပျက်ပြားပြီးနောက်ပိုင်းမှာလည်း မြေသိမ်းဆည်းစဥ်ကတည်းက ၁၈၉၄ ခုနှစ် မြေသိမ်း ဥပဒေနှင့် မညီညွတ်သော မတရားသိမ်းဆည်းရယူခဲ့သည်သာမက ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် မူလ ပိုင်ရှင်လယ်သမားများထံ ဥပဒေအရ ပြန်လည်လွှဲအပ်ရမည်အစား ထပ်မံ၍ အခြားပုဂ္ဂလိကလုပ်ငန်း ရှင် (၄)ဦးထံ နှစ်(၃၀)ဂရန်အဖြစ် ၂၄-၂-၂၀၁၂ မှ ၂၃-၂-၂၀၄၂ အထိ ချထားပေးခဲ့ပါတယ်။ လယ် မြေ(၁၃၃.၉၅)ဧကကို မြေသိမ်းဥပဒေစည်းကမ်းများ လျစ်လျူရှုကာ ဆက်လက်၍ နှစ်ကြိမ်မြောက် အနိုင်အထက် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။

မြေငှားဂရန်စာချုပ်ကို ၂ - ၉ - ၂၀၁၅ ရက်စွဲဖြင့် ပြင်ဦးလွင်မြို့နယ် ပ/၅၃၈/ကောလ္လိတော် အရာရှိက အခြေအနေမှန်ကိုသိရှိပါလျက် လက်မှတ်ရေးထိုးပေးခဲ့ခြင်း ဖြစ်ပါတယ်။ စာချုပ်ထဲမှာတော့ လိုအပ်ပါက အချိန်မရွေးပြင်ဆင်နိုင်ခွင့်ရှိစေရမည်ဆိုတဲ့ ခြွင်းချက်က အမှတ်အသားများပါရှိပါတယ်။ ဂရန်စာချုပ်နံပါတ်(၂၀၈/၂၀၁၅ - ၂၀၁၆)ဖြစ်ပါတယ်။ မြေငှားဂရန်စာချုပ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင် (၄)ဦးထံချပေးခဲ့သည့် (၁၃၃.၉၅)ဧကမှာ ဂရန်စာချုပ်ပါ (လိုအပ်ပါက အချိန်မရွေးပြင်ဆင်နိုင်ခွင့် ရှိစေရမည်) ခြွင်းချက်အရ မူလပိုင်ရှင်လယ်သမား (၂၇)ဦးထံ ပြန်လည်ပေးအပ်၍ ပြန်လည်ပြင်ဆင်ခွင့် ပါရှိပါတယ်။

အကြောင်းအားဖြင့် အဆိုပါမြေနေရာများအား ဂရန်ချထားပေးစဥ်ကတည်းကပင် ဂရန် စာချုပ်နှင့်မညီညွတ်သော မည်သည့်စီမံကိန်း လုပ်ဆောင်မည်ဆိုသည့် အစီအစဥ်တင်ပြမထားဘဲ လုပ်ငန်းပြသက်သေအထောက်အထားများ ပြသရန်လိုအပ်မှာဖြစ်ပြီး မျက်မြင်အနေအထားအရ (၅၀)ရာခိုင်နှုန်းသော လုပ်ဆောင်ထားခြင်းမျိုးလည်းမရှိပါ။ ယခုမျက်မြင်အရ အဆိုပါမြေပေါ်တွင် သဘာဝအလျောက် ပေါက်ရောက်နေသည့်သစ်ပင်ကြီးများ ခုတ်လှဲရောင်းချခြင်းဖြင့် မူလ အပင်ကြီးများလုံးဝမရှိတော့ခြင်း၊ စာချုပ်တွင်မပါရှိသည့် မြေငှားရမ်းခြင်းတို့ဖြင့် နေအိမ်အလုံး (၇၀) တိုးလာကာ မြေငှားခရယူနေခြင်း၊ ဂရန်ချထားပေးခြင်းခံရသူ (၄)ဦးအစား ကြားခံလူက အခွင့်အရေး ရယူခံစားနေခြင်း၊ အဆိုပါကျယ်ပြန့်လှသည့်မြေဧက (၁၃၃.၉၅)ပေါ်တွင် ဖုန်းဆိုးတောရိုင်းများ ထူထပ်စွာရှိနေပြီး မူးယစ်ဆေးသမားများကျက်စားရာ ဒုစရိုက်နယ်မြေဖြစ်နေခြင်း၊ မူးယစ်ဆေးလွန်၍ အဆိုပါနယ်မြေအတွင်း လူ(၂)ဦးသေဆုံးခဲ့ခြင်း၊ သက်ငယ်မုဒိမ်းမှုဖြစ်ပေါ်ခဲ့ခြင်းတို့နှင့် မူလပိုင်ရှင် လယ်သမားကြီးများမှာလည်း ကြုံရာကျပန်း ဘဝဝမ်းစာရှာဖွေစားသောက်နေရခြင်းတို့ဖြင့် မြေရာမဲ့ ဘဝရောက်ရှိကာ စိုက်ပျိုးမြေများ အလဟဿဖြစ်နေပါတယ်။

အဆိုပါဒေသကို ကျွန်တော်ကိုယ်တိုင် (၃)ကြိမ်သွားရောက်မေးမြန်းစိစစ်ခဲ့ပြီး အချို့သော လယ်သမားကြီးများမှာ ပုဒ်မ ၄၄၇၊ ပုဒ်မ ၄၂၇ တို့ဖြင့် တရားစွဲဆိုခြင်း ခံနေရတာကိုလည်းတွေ့ရှိရ ပါတယ်။ သို့ပါ၍ ကောလ္လိတော်အရာရှိမှ မမှန်မကန် နှစ်(၃၀)ဂရန်ချထားပေးပြီးဖြစ်လင့်ကစား လိုအပ်ပါက အချိန်မရွေးပြင်ဆင်နိုင်ခွင့်ရှိစေရမည်ဆိုသည့် ခြွင်းချက်ပါစာအရ ဂရန်စာချုပ်ကို ပြန်လည်ရုပ်သိမ်း၍ မူလပိုင်ရှင်လယ်သမားကြီးများအတွက် နိုင်ငံတော်မှပြန်လည်စိစစ်၍ ဥပဒေနှင့် အညီ ပြန်လည်လွှဲအပ်ပေးနိုင်ရန် အစီအစဥ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


သိမ်းဆည်းရယူခဲ့သည့် လယ်ယာမြေများ မြင်ကွင်းပုံ (ဠ)



မူးယစ်ဆေးသုံးစွဲသည့် ဆေးထိုးအပ်များ မြင်ကွင်းပုံ (ဠ-၁)



ပြင်ဦးလွင်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ချုပ်ဆိုသည့် မြေငှားဂရန်စာသားပြ မြင်ကွင်းပုံ (ဠ-၂)



657

FORM OF LEASE OF TOWN LANDS WITH POW...
RENEWAL UP TO NINETY YEARS

**စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ (ချည်မျှင်)ရွာသစ်ကြီး အခြေခံပညာအလယ်တန်းကျောင်းအား စက်မှုဝန်ကြီးဌာနအောက်မှ ပညာရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ (ချည်မျှင်)ရွာသစ်ကြီး အခြေခံပညာအလယ်တန်းကျောင်းအား စက်မှုဝန်ကြီးဌာနအောက်မှ ပညာရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ စစ်ကိုင်းမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း (ချည်မျှင်)ရွာသစ်ကြီးအား စက်မှုဝန်ကြီးဌာနအောက်မှ ပညာရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

မေးခွန်းမေးမြန်းရတဲ့ အကြောင်းရင်းကတော့ စစ်ကိုင်းမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း (ချည်မျှင်)ရွာသစ်ကြီးဟာ စက်မှုဝန်ကြီးဌာနရဲ့လက်အောက်ခံဖြစ်ပြီး အမှတ်(၃)ချည်မျှင်နဲ့ အထည်စက်ရုံ ရွာသစ်ကြီး၊ စစ်ကိုင်းမြို့နယ်မှပိုင်ဆိုင်ပါတယ်။ အဲဒီကျောင်းရှိ ကျောင်းဆောင်(၁၊ ၂၊ ၃) တို့ဟာ အမှတ်(၃)ချည်မျှင်နှင့် အထည်စက်ရုံ စတင်တည်ဆောက်စဉ် ၁၉၇၀ - ၁၉၇၁ ခုနှစ်က တည်ဆောက်ခဲ့တဲ့ အဆောက်အအုံများပဲဖြစ်ပါတယ်။ စက်ရုံဝန်ထမ်းများရဲ့ သား၊ သမီးများ ပညာသင်ကြားနိုင်ရေးအတွက် အ-မ-က ချည်မျှင်ကျောင်းကို ၂၃ - ၅ - ၁၉၇၂ ရက်နေ့က စတင် ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီနောက် ၂၃ - ၅ - ၁၉၈၅ ရက်နေ့မှာ အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအခါ ကျောင်းမြေအကျယ်အဝန်းမှာ (၇.၅)ဧကရှိပြီး ကျောင်းမြေ အဆောက်အအုံနဲ့ ကျောင်းသုံးပရိဘောဂများဟာ အမှတ်(၃)ချည်မျှင်နှင့် အထည်စက်ရုံမှပိုင်ဆိုင်ပြီး စက်မှုဝန်ကြီးဌာနရဲ့လက်အောက်ခံဖြစ်ပါတယ်။ ကျောင်းရဲ့လိုအပ်တဲ့ ဆရာ၊ ဆရာမများအပါအဝင် ဝန်ထမ်းများကို အခြေခံပညာဦးစီးဌာနမှ ခန့်အပ်သင်ကြားစေခဲ့ပါတယ်။ စက်ရုံရဲ့ စီးပွားရေးတိုးတက်အောင်မြင်တဲ့အချိန်မှာ ကျောင်းရဲ့လိုအပ်ချက်များကို စက်ရုံမှလိုအပ်သလို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။

စက်ရုံတည်ဆောက်စဉ်က ကျား အိမ်သာ (၁၂)လုံးတွဲ(၁)ခု၊ မ အိမ်သာ(၁၂)လုံးတွဲ(၁)ခု၊ ပေါင်း(၂၄)လုံး တည်ဆောက်ပေးခဲ့သဖြင့် ကောင်းမွန်သပ်ရပ်စွာ အသုံးပြုခဲ့ရပါတယ်။ သို့သော် ယခုအခါ ၎င်းအိမ်သာများဟာ လုံးဝအသုံးပြု၍မရတော့ပါ။ ထို့အတူ နှစ်ပေါင်း (၅၀)နီးပါးကြာမြင့်ပြီဖြစ်တဲ့ အဆောက်အအုံများရဲ့ အမိုးမျက်နှာကြက်များ ပျက်စီးယိုယွင်းနေပြီး အန္တရာယ်ရှိတဲ့အဆင့်သို့

ရောက်ရှိနေပြီဖြစ်ပါတယ်။ စက်ရုံရဲ့ဖြည့်ဆည်းဆောင်ရွက်ပေးမှု အနည်းငယ်ရှိသော်လည်း ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်း မရှိတော့ကြောင်း တွေ့ရှိရပါတယ်။ ကျောင်းဆောင် (၃)ဆောင်ရဲ့ အမိုးမျက်နှာကြက်များ ပျက်စီးလာပြီးတော့ မိုးယိုစီးကျခြင်း၊ မျက်နှာကြက်များ ပြုတ်ကျခြင်း၊ လေဒဏ်၊ မိုးဒဏ်များကြောင့် ကျိုးပဲ့ပျက်စီးခြင်းများနှင့် ရင်ဆိုင်တွေ့ကြုံနေရပါသဖြင့် ဆရာ၊ ဆရာမများနဲ့ ကျောင်းသူ၊ ကျောင်းသားများ စိတ်အေးချမ်းသာစွာနဲ့ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်မှု အခက်အခဲ ရှိလာပါတယ်။ ပညာရေးဝန်ကြီးဌာနကိုတင်ပြပြီး ပညာရေးဌာနမှ ပြင်ဆင်ထိန်းသိမ်းရေးငွေရရှိရန် ဆောင်ရွက်လိုပါသော်လည်း ကျောင်းမြေအဆောက်အအုံနဲ့အားလုံးဟာ စက်မှုဝန်ကြီးဌာနပိုင်ဖြစ်နေတာကြောင့် အခက်ကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ ၎င်းကျောင်းနှင့်ပတ်သက်တဲ့ ကျောင်းမြေ၊ အဆောက်အအုံများကို စက်မှုဝန်ကြီးဌာနမှ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ်ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။　။ မေးခွန်းများနဲ့ ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ရဲ့ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ကွင်းအမှတ်(၂၈၈/က)ရှိ မြေများဟာ မူလပိုင်ရှင်တောင်သူများထံ ပြန်လည်ပေးအပ်ခြင်း မပြုဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်(၄)ဦးထံ လွှဲပြောင်းရောင်းချခြင်း၊ မြေငှားဂရန်ချထားပေးခြင်းအား ပြန်လည်စိစစ်၍ မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်စိုက်ပျိုးခွင့်ပြုနိုင်ရေး၊ ကိုင်တွယ်ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါ။

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ကွင်းအမှတ်(၂၈၈/က)မြေနေရာမှာ ယခင်အမှတ်(၁) စက်မှုဝန်ကြီးဌာနပိုင် အုတ်စက်ရုံအမှတ်(၃)မြေနေရာဖြစ်ပြီး အကျယ်အဝန်းအားဖြင့် (၁၃၃.၉၅)ဧက ဖြစ်ပါတယ်။ ၎င်းမြေဧရိယာကို မန္တလေးတိုင်းဒေသကြီး ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၂၇ - ၈ - ၁၉၉၁ ရက်စွဲပါ အမိန့်စာအမှတ် (၂၈/၉၁)ဖြင့် စက်ရုံမြေအဖြစ် လ/န (၃၉) ရရှိခဲ့ပါတယ်။ ၎င်းအုတ်စက်ရုံမှာ စီးပွားရေးတွက်ခြေကိုက်မှုမရှိတာကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ရယူပြီး ၁ - ၆ - ၂၀၀၆ ရက်နေ့မှာ စက်ရုံကိုဖျက်သိမ်းခဲ့ရပါတယ်။ အဲဒီနောက် မြေ (၁၃၃.၉၅)ဧကနှင့် အဆောက်အအုံတွေကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု

ကော်မရှင်နဲ့ ကုန်သွယ်မှုမူဝါဒကောင်စီတို့ရဲ့ သဘောတူခွင့်ပြုချက်ရယူပြီး မတ္တရာမြို့နေ ဦးခင်မောင်ဆွေအား တစ်နှစ်လျှင် ငွေကျပ် (၆၀)သိန်းဖြင့် ၂၀၀၇ ခုနှစ်၊ ဧပြီလမှစ၍ ငှားရမ်းခဲ့ပါတယ်။ အဲဒီနောက် ငှားရမ်းလုပ်ကိုင်နေတဲ့ ဦးခင်မောင်ဆွေ က အပြီးအပိုင်ဝယ်ယူခွင့်ပြုပါရန် တင်ပြလာတာကြောင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ပါရန် ၃ - ၁၀ - ၂၀၀၈ ရက်နေ့၌ ဆက်လက်တင်ပြခဲ့ပါတယ်။

နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်အနေဖြင့် ၁၁-၂-၂၀၁၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့အစည်းအဝေး၌ အဆိုပါမြေနှင့် အဆောက်အအုံတွေကို ပုဂ္ဂလိကသို့ အပြီးပြတ်လွှဲပြောင်းရောင်းချနိုင်ရေးအတွက် သဘောတူဆုံးဖြတ်ခဲ့ပါတယ်။ အဆိုပါ အစည်းအဝေး၏ အတည်ပြုချက်အရ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေမြေလုပ်ငန်းရှိ မြေ(၁၃၃.၉၅)ဧကနှင့် အုတ်စက်ရုံအမှတ်(၃)ကို ဒေါ်စန်းဆင့်ဆင့်ထွန်း၊ ဒေါ်ဝေဝေထွေး၊ ဒေါ်ကြည်ကြည်ထွေး၊ ဒေါ်ခင်ခင်ထွေး တို့ (၄)ဦးသို့ ငွေကျပ်(၄၅၉.၉၀)သန်းသို့ အပြီးပြတ်ရောင်းချလိုက်ကြောင်းနှင့် ၎င်းတို့နှင့်၂၅-၅-၂၀၁၁ ရက်နေ့၌ သတ်မှတ်တန်ဖိုးငွေကို နိုင်ငံတော်သို့ အကြေအလည်ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ၁၂ - ၇ - ၂၀၁၁ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပါတယ်။ ဒါကြောင့် ၂၅ - ၇ - ၂၀၁၁ ရက်နေ့မှာပင် ၎င်းမြေနှင့်အဆောက်အအုံအား အပြီးအပြတ် လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်းကို နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ တင်ပြခဲ့ပါတယ်။

ထို့အပြင် ဒေါ်စန်းဆင့်ဆင့်ထွန်း အပေါင်း(၃)ဦးတို့အား ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မတ္တရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာနသို့ နှစ်(၃၀) မြေငှားဂရန် လျှောက်ထားသည်နှင့် ပတ်သက်၍ ပြန်လည်စိစစ်ပေးပါရန်နှင့် ပြန်လည်လုပ်စားပိုင်ခွင့်ရရှိရေး ကူညီဖြေရှင်းပေးပါရန် ဦးကျော်ရှိန် အပေါင်း(၄)ဦးတို့မှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့သည့်အတွက် အဆိုပါမြေများဟာ နိုင်ငံတော်အမည်ပေါက်ရရှိပြီးဖြစ်၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ဆုံးဖြတ်ချက်ဖြင့် ဒေါ်စန်းဆင့်ဆင့်ထွန်း အပေါင်း(၃)ဦးထံ အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းကိုလည်း နိုင်ငံတော်သမ္မတရုံးသို့ ၅ - ၉ - ၂၀၁၈ ရက်နေ့၌ ပြန်လည်တင်ပြခဲ့ရပါတယ်။

နိုင်ငံပိုင်ပစ္စည်းဖြစ်သည့် စက်ရုံတစ်ရုံကိုဖျက်သိမ်းပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကိစ္စဟာ လုပ်ထုံးလုပ်နည်းအရ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်။ ထို့အပြင် ၎င်းပစ္စည်းများ၏ သတ်မှတ်တန်ဖိုးငွေပေးသွင်းခြင်းကိုလည်း စက်မှုဝန်ကြီးဌာနသို့ ပေးသွင်းရခြင်းမဟုတ်ဘဲ နိုင်ငံတော်သို့ ပေးသွင်းရခြင်းသာဖြစ်ပါတယ်။ အဲဒီလို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရဲ့ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကသို့ ရောင်းချလွှဲပြောင်းပြီးသည့်နောက် စက်မှုဝန်ကြီးဌာနနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကွင်းအမှတ်(၂၈၈/က)ရှိ ဌာနပိုင်မြေအမည်ပေါက်ဖြစ်သော ယခင်အုတ်စက်ရုံအမှတ်(၃) မြေ(၁၃၃.၉၅)ဧကကို နိုင်ငံပိုင်ပစ္စည်းများအား

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ဆုံးဖြတ်ချက်ဖြင့် ဒေါ်စန်းဆင့်ဆင့်ထွန်း အပေါင်း(၃)ဦးထံ အပြီးအပြတ် လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်တာကြောင့် စက်မှုဝန်ကြီးဌာနနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ၎င်းမြေနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနအနေဖြင့် ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ (ချည်မျှင်)ရွာသစ်ကြီးအခြေခံပညာအလယ်တန်းကျောင်းအား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှာရှိတဲ့ အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)ဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွာသစ်ကြီးကျေးရွာအုပ်စုအတွင်းမှာ တည်ရှိပါတယ်။ မူလ ခွင့်ပြုမြေ(၄၈၉.၅၉)ဧကအနက် အသုံးပြုခြင်းမရှိသေးတဲ့ မြေ(၁၃၃.၁၂)ဧကကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံပြီးဖြစ်တာကြောင့် လက်ရှိမှာ စက်ရုံပိုင်မြေ(၃၅၆.၄၇)ဧကသာ ကျန်ရှိပါတယ်။ အဆိုပါစက်ရုံမြေဧရိယာအတွင်းရှိ မြေ(၇.၅)ဧကေ၌ ၁၉၇၂ ခုနှစ်မှာ အခြေခံပညာမူလတန်းကျောင်းကို စတင်တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ယနေ့အချိန်အထိ အခြေခံပညာအလယ်တန်းကျောင်းအဖြစ်အဆင့်မြှင့်တင်ဖွင့်လှစ်ကာ ပညာသင်ကြားပေးလျက်ရှိပါတယ်။

ကျောင်းအဆောက်အအုံများဟာ (၁၆၀ x ၃၀ x ၁၄)ပေရှိတဲ့ အဆောက်အအုံ(၃)လုံးနဲ့ (၁၂၀ x ၃၀ x ၁၂)ပေရှိသော အဆောက်အအုံ(၁)လုံးတို့ ဖြစ်ကြပါတယ်။ ယခု ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှာတော့ ကျောင်းသား၊ ကျောင်းသူ (၂၄၉)ဦးတို့ကို ပညာသင်ကြားပေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီစာသင်ကျောင်းအတွက် လိုအပ်တဲ့ လျှပ်စစ်မီးနဲ့ သောက်သုံးရေများကိုလည်း စက်ရုံမှတစ်ဆင့် သွယ်တန်းထားပေးပြီးတော့ ဆရာ၊ ဆရာမ (၁၀)ဦးအတွက်လည်း စက်ရုံရှိဝန်ထမ်းအိမ်ရာ၌ နေထိုင်ခွင့်ပြုထားပါတယ်။ လက်ရှိအနေဖြင့် အဆောက်အအုံများရဲ့အမိုးများမှာ မိုးယိုစိမ့်ပြီး မျက်နှာကြက်များအနည်းငယ်ပျက်စီးမှုရှိသော်လည်း အကာနဲ့ကြမ်းခင်းတွေကတော့ ခိုင်ခံ့ကောင်းမွန်လျက်ရှိနေပါသေးတယ်။ ဒါ့အပြင် ကျောင်းသုံးပရိဘောဂများဟာလည်း ကောင်းမွန်ပြည့်စုံလျက်ရှိနေပါသေးတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ (၂)ခန်းတွဲ ရေအိမ်သာ(၃)လုံးကို အသစ်ဆောက်လုပ်ပေးခဲ့ပြီး ကျောင်းအဆောက်အအုံ(၄)လုံးကိုတော့ ထိန်းသိမ်းပြုပြင်နိုင်ခြင်းမရှိတာကို တွေ့ရှိရပါတယ်။ ၎င်းကျောင်းဆောင်များကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်မှသာလျှင် ဘဏ္ဍာငွေခွဲဝေချထား၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးကျေးရွာအုပ်စုရှိ အခြေခံပညာအလယ်တန်းကျောင်း(ချည်မျှင်)ရဲ့ ကျောင်းအဆောက်အအုံများကို ပညာရေးဝန်ကြီးဌာနရဲ့ အစီအစဉ်ဖြင့် ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆက်လက်

ဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်း ပင်လယ်ရေသယံဇာတ ငါးများ ပေါက်ဖွားရာ ဒီရေတောသစ်ပင်များကို ဧကထောင်ချီခုတ်လှဲ၍ အပြောင်းရှင်းစနစ်ဖြင့် ပုစွန်မွေးမြူရေး စီမံကိန်းကြီးများ တိုးချဲ့လုပ်ကိုင်နေခြင်းအပေါ် မည်ကဲ့သို့ ခွင့်ပြုထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း က တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်း ပင်လယ်ရေသယံဇာတ ငါးများပေါက်ဖွားရာ ဒီရေတောသစ်ပင်များကို ဧကထောင်ချီခုတ်လှဲ၍ အပြောင်းရှင်းစနစ်ဖြင့် ပုစွန်မွေးမြူရေးစီမံကိန်းကြီးများ တိုးချဲ့လုပ်ကိုင်နေခြင်းအပေါ် မည်ကဲ့သို့ခွင့်ပြုထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လယ်ဒီရေတောတွေဟာ မြန်မာနိုင်ငံ ကမ်းရိုးတန်းတစ်လျှောက်မှာနေထိုင်ကြတဲ့ ပြည်သူများအတွက် ငါးသယံဇာတများကို စဉ်ဆက်မပြတ် ပေါက်ဖွားခဲ့တဲ့နေရာဖြစ်ရုံသာမက ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်ကို ပြည်သူများအတွက် အကာအကွယ်လည်းဖြစ်ခဲ့ပါတယ်။ ယနေ့အချိန် ကျွန်းစုမြို့နယ်မှ ဒီရေတောများကို ဧကထောင်ချီ အပြောင်ရှင်းပြီးတော့ ပြည့်ဖြိုးထွန်းကုမ္ပဏီနှင့် ခိုင်ဇင်ယော်ကုမ္ပဏီတို့မှ ပုစွန်ကန်များ တူးဖော်ကြတဲ့အတွက်ကြောင့် ဒီရေတောများစွာ ပျက်စီးဆုံးရှုံးနေကြပြီဖြစ်ပါတယ်။ ပြည့်ဖြိုးထွန်းကုမ္ပဏီဟာ ရေမြစ်ကြီးကျေးရွာအုပ်စုမှ ဒီရေတော (၃၆၀)ဧက ပုစွန်မွေးမြူရေး လုပ်ကိုင်ခွင့်ရရှိရေးအတွက် လျှောက်ထားခဲ့ပြီးတော့ ၂၀၁၈ ခုနှစ်မှာ ဒီရေတောများ စတင်ခုတ်လှဲပြီး စီမံကိန်းကို အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ပါတယ်။ သစ်တောဥပဒေ အခန်း(၂)၊ ပုဒ်မ ၃(င)မှာ သစ်တောထိန်းသိမ်းကာကွယ်ရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျှော့ပေါ့ရေးတို့နှင့် စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့်အညီဆောင်ရွက်ရန်ပြဋ္ဌာန်းထားပါတယ်။ သစ်တောဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၂ မှာ သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိတဲ့၊ အစိုးရစီမံခန့်ခွဲလျက်ရှိတဲ့မြေအတွင်းမှာ ဖွံ့ဖြိုးရေး

လုပ်ငန်း သို့မဟုတ် စီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကိုလုပ်ကိုင်လိုလျှင် ဝန်ကြီးဌာန၏သဘောတူညီချက်ကြိုတင်ရယူရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။


မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၆ မှာ ရင်းနှီးမြှုပ်နှံသူဟာ ကော်မရှင်သို့ အဆိုပြုချက်တင်ပြစေပြီး ခွင့်ပြုမိန့်ရရှိမှသာ ရင်းနှီးမြှုပ်နှံရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဆိုပါ ဒီရေတောများခုတ်ယူလိုက်ပြီး စီမံကိန်းကြီးများလုပ်ဆောင်နေမှုများဟာ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ကြီးမားတဲ့အကျိုးသက်ရောက်မှုဖြစ်စေတဲ့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မည်ကဲ့သို့ခွင့်ပြုထားသည်ကို သိရှိလိုပါတယ်။ ကတန်ကျွန်းပေါ်မှာ ကျေးရွာအုပ်စု (၄)အုပ်စု၊ ကျေးရွာပေါင်း (၂၃)ရွာ၊ အိမ်ထောင်စုပေါင်း (၃၀၀၀)ကျော်တို့ဟာ ၆-၆-၂၀၀၁ ရက်နေ့မှာ ကတန်ကျွန်းပင် ကာကွယ်တောအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ကတန်ကျွန်းပေါ်မှာရှိတဲ့ ဒေသခံများဟာ မိမိတို့ပိုင်ဆိုင်တဲ့ အိမ်နဲ့ဥယျာဉ်ခြံတွေကို နိုင်ငံတော်ရဲ့ သစ်တောဧရိယာပြည့်မီစေရေးအတွက် အဖြည့်ခံနေရတဲ့အချိန်မှာ ရေသယံဇာတများပေါက်ဖွားရာ ဒီရေတောများကို ဧကထောင်ချီ အပြောင်ရှင်းပြီး ပြည့်ဖြိုးထွန်းကုမ္ပဏီနှင့် ခိုင်ဇင်ယော်ကုမ္ပဏီတို့မှ ပုစွန်မွေးမြူရေး စီမံကိန်းလုပ်ငန်းတို့ကို လုပ်ကိုင်ခွင့်ပြုခြင်းအပေါ် သစ်တောဦးစီးဌာန၏ မည်ကဲ့သို့သော မူဝါဒအကြောင်းပြချက်ကြောင့် ခွင့်ပြုခဲ့တာလဲဆိုတာကို သိရှိလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် ဥပဒေရဲ့အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရယူပိုင်ခွင့်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဤဖြစ်စဉ်တွေကို ကြည့်ခြင်းအားဖြင့် ပြည်သူအများစုအပေါ်မှာ ဥပဒေအရ ကာကွယ်မှုအားနည်းနေပြီးတော့ လူတစ်စုအပေါ်မှာ ဥပဒေကို ဖြေလျှော့ပေးနေသလို သဘောသက်ရောက်နေပါတယ်။ အလျဉ်းသင့်လို့ တင်ပြရရင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မြိတ်ခရီးစဉ် ၁၃ - ၂ - ၂၀၁၉ ရက်နေ့မှာ ဒေသခံပြည်သူတစ်ဦးကနေပြီး ဒီရေတောများကိုအပြောင်ရှင်းပြီးတော့ ပုစွန်မွေးမြူရေးစီမံကိန်းများကို မည်ကဲ့သို့ခွင့်ပြုထားသလဲဆိုတဲ့ မေးခွန်းအပေါ်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ ခွင့်မပြုထားဘူးလို့ ဖြေကြားထားပါတယ်။

ဒါပေမဲ့ မြေပြင်အခြေအနေမှာ ဒီရေတောများကိုသတ်ပြီးတော့ ပြည့်ဖြိုးထွန်းကုမ္ပဏီမှ ပုစွန်မွေးမြူရေးစီမံကိန်းများကို လုပ်ဆောင်နေပြီးတော့ အဲဒီပုစွန်မွေးမြူရေးစီမံကိန်းများမှာ တရုတ်နိုင်ငံသားများကိုယ်တိုင် ကြီးကြပ်ပြီးလုပ်ဆောင်နေတာကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရဌာနများမှ တရားဝင်ခွင့်ပြုခြင်းမရှိသေးတဲ့ စီမံကိန်းတစ်ခုကို ပြည့်ဖြိုးထွန်းကုမ္ပဏီမှ နိုင်ငံခြားသားပိုင် တရုတ်ကုမ္ပဏီတစ်ခုကို တစ်ဆင့်လက်လွှဲရောင်းချထားတဲ့ပုံစံလို တွေ့မြင်နေရပါတယ်။ ဒါဟာ နိုင်ငံတော်ရဲ့အမျိုးသားလုံခြုံရေးအတွက် အရေးကြီးကြောင်း လေးစားစွာဖြင့်တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့မှ ဒီရေတောများအပြောင်ရှင်းပြီး ပုစွန်မွေးမြူရေးစီမံကိန်းအကောင်အထည်ဖော်မှုအပေါ် မည်ကဲ့သို့ခွင့်ပြုထားပြီး ဒီရေတောဧက မည်မျှထပ်မံခွင့်ပြုသွားမည်ကို သိရှိလိုခြင်းနှင့် အကယ်၍သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ခဲ့ပါကငင်းစီမံကိန်းကို အမြန်ဆုံးရပ်ဆိုင်းတားမြစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ထိရောက်သော အရေးယူမှု

များပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။


ဒီရေတောများအား သတ်ပြီး ပြည့်ဖြိုးထွန်းကုမ္ပဏီမှ ပုစွန်မွေးမြူရေး စီမံကိန်း စတင်လုပ်ဆောင် နေသည့် မြင်ကွင်းပုံ (အ)




ဒီရေတောများကို သတ်ပြီး ပုစွန်မွေးမြူရေး စီမံကိန်း စတင်လုပ်ဆောင်ရန်အတွက် PPT ကုမ္ပဏီမှ စီမံကိန်းအတွက် လုပ်ဆောင်နေသည့် မြင်ကွင်းပုံ (အ-၁)



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာများပြု စာအုပ်ပုံ (အ-၂)



**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးဆက်အောင် (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်၊ ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ၏ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်း ပင်လယ်ရေသယံဇာတ ငါးများပေါက်ဖွားရာ ဒီရေတော သစ်ပင်များကို ဧကထောင်ချီခုတ်လှဲ၍ အပြောင်ရှင်းစနစ်ဖြင့် ပုစွန်မွေးမြူရေးစီမံကိန်းကြီးများ တိုးချဲ့ လုပ်ကိုင်နေခြင်းအပေါ် မည်ကဲ့သို့ခွင့်ပြုထားသည်နှင့် စပ်လျဉ်းပြီး သိရှိလိုသည့် မေးခွန်းအပေါ် ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းမှာ ပြည့်ဖြိုးထွန်းကုမ္ပဏီနဲ့ ခိုင်ဇင်ယော်ကုမ္ပဏီတို့မှ ပုစွန်ကန်များတူးဖော်ခြင်းနဲ့ ပတ်သက်တဲ့အချက်များ ပါရှိတာကို တွေ့ရှိရပါတယ်။ ပြည့်ဖြိုးထွန်း ကုမ္ပဏီအနေနဲ့ ပတ်သက်လို့ရှိရင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စုရှိ ဦးပိုင်အမှတ်(၁၁)၊ မြေကွက်အမှတ် (၂၂/၄၆)တွင် အအေးခန်းသိုလှောင်ရုံတည်ဆောက်၍ ငါး၊ ပုစွန် များပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခဲ့သည့်အတွက် ပြည့်ဖြိုးထွန်းအင်တာ နေရှင်နယ်ကုမ္ပဏီလီမိတက်ကို ၂၉ - ၉ - ၁၉၉၈ ရက်နေ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့် ပြုမိန့်အမှတ်၊ မနသ - ၁၇၆/၉၈ ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ ဒီနေရာမှာ ခွင့်ပြုခဲ့တဲ့ လုပ်ငန်းဟာ အအေးခန်းသိုလှောင်ရုံတည်ဆောက်၍ ငါး၊ ပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း ဖြစ်ပါတယ်။ ပုစွန်ကန်မွေးမြူရေးလုပ်ငန်းမဟုတ်တာကို တွေ့ရှိရပါတယ်။

အလားတူပဲ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ပထော်ပထက်ကျွန်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ စီမံခန့်ခွဲခွင့်ရှိတဲ့မြေဧကမှာ ငါးတင်/ငါးချ ဆိပ်ခံ တံတားဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ သဘောထားမှတ်ချက်ကိုရယူပြီး ၇ - ၉ - ၂၀၁၈ ရက်နေ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် (၁၁၀/၂၀၁၈)ဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ပြီး ငါး၊ ပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ငါးတင်/ငါးချဆိပ်ခံတံတား ဝန်ဆောင်မှုလုပ်ငန်းတို့ကိုဆောင်ရွက်ရန်အတွက် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ကို ခွင့်ပြုပေးခဲ့ပါတယ်။ ဒီနေရာမှာလည်း ခွင့်ပြုပေးခဲ့တဲ့ လုပ်ငန်း ဟာ ပုစွန်ကန်မွေးမြူခြင်းလုပ်ငန်းမဟုတ်တာ တွေ့ရှိရမှာဖြစ်ပါတယ်။

အဆိုပါ ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်၏ ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာအနီးရှိ မြေ (၄၁၅)ဧကတွင် ဆောင်ရွက်နေတဲ့ ခေတ်မီ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမိန့် တစ်စုံတစ်ရာ ထုတ်ပေးထားခြင်းမရှိပါဘူး။ ကွင်းဆင်းစိစစ်တဲ့

အခါမှာ အဆိုပါလုပ်ငန်းဟာ ၂၀၁၄ ခုနှစ်မှာစတင်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်၊ ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခွင့် လိုင်စင်ဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် ပြည့်ဖြိုးထွန်းအင်တာ နေရှင်နယ်ကုမ္ပဏီလီမိတက်မှ ခေတ်မီရေငန်ပုစွန်မွေးမြူရေးအတွက် မြေ(၃၆၀)ဧက လတ်တလော လျှောက်ထားခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါ မြေနေရာဟာ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ရေမြစ်ကြီး ကျေးရွာအုပ်စု၊ မင်းကြီးကျွန်း၊ ရေမြစ်ကြီး ကြေးတိုင်ပြင်ကွင်း၊ ကွင်းအမှတ်(၂/OSS)တွင် ကျရောက်ပြီး သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း ကျရောက်မှု မရှိပါကြောင်း၊ ကျွန်းစုမြို့နယ်၊ အဆိုပြုဒီရေတော ကြိုးပြင်ကာကွယ်တော၊ အဆိုပြု ဒီရေတော ကြိုးဝိုင်းဧရိယာအတွင်း ကျရောက်မှုမရှိပါကြောင်းနှင့် ကျွန်းစုမြို့နယ်တွင် ဖွဲ့စည်းဆောင်ရွက်မည့် အဏ္ဏဝါသဘာဝနယ်မြေ(Marine Protected Areas-MPA)အတွင်း ကျရောက်မှုမရှိတာကို တွေ့ရှိရပါတယ်။

သို့သော် အဆိုပါကုမ္ပဏီမှ လျှောက်ထားလာသည့် ဧရိယာ (၃၆၀)ဧက၏ အရှေ့ဘက်ခြမ်းနှင့် ပင်လယ်ကမ်းစပ်နှင့်နီးသောနေရာများမှာ သစ်တော၊ သစ်ပင်ပေါက်ရောက်မှု ကောင်းမွန်လျက်ရှိပြီး ဒေသခံများမှ အသား၊ ငါး၊ ပုစွန်များ ရှာဖွေစားသောက်သောနေရာဖြစ်ပါကြောင်း၊ အနောက်ဘက်ခြမ်းတွင် ချုံနွယ်များ၊ ကွင်းပြင်များတွေ့ရှိရ၍ သစ်တောသစ်ပင်များ ပေါက်ရောက်မှုနည်းပါးကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

အထက်ဖော်ပြပါ စစ်ဆေးတွေ့ရှိချက်များအရ လျှောက်ထားသည့် ဧရိယာ(၃၆၀)ဧက အနက် အရှေ့ဘက်ခြမ်းရှိ ဒီရေတော သစ်တောသစ်ပင်ပေါက်ရောက်မှု ကောင်းမွန်တဲ့ မြေဧရိယာ (၁၆၂)ဧကအား ခွင့်မပြုဘဲ သဘာဝအတိုင်း ဆက်လက်ထိန်းသိမ်းထားသင့်ပါကြောင်းနှင့် အနောက်ဘက်ခြမ်းရှိ ဒီရေတောကျဲပါးသည့်မြေဧရိယာ (၁၉၈)ဧကသည် ဒီရေတောပေါက်ရောက်မှု ကျဲပါးသောနေရာဖြစ်ခြင်း၊ ဒေသခံပြည်သူများမှလည်း ၎င်းတို့၏ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ရရှိစေရေးအတွက် ပုစွန်ကန်ပြုလုပ်ခြင်းအား ထောက်ခံကြောင်း လက်မှတ်ရေးထိုးတင်ပြထားခြင်းတို့ကြောင့် ပုစွန်မွေးမြူသည့်ကန်နေရာမှအပ ကျန်နေရာများအား ဒီရေတော ထိန်းသိမ်းခြင်းလုပ်ငန်းများကို အထောက်အကူပြုသည့် ပုစွန်မွေးမြူသည့်စနစ်ဖြင့်ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေသင့်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်ပြထားပြီးဖြစ်ပါတယ်။

ခိုင်ဇင်ယော်ကုမ္ပဏီနဲ့ ပတ်သက်လို့ တင်ပြရလို့ရှိရင် မအိုင်ကျေးရွာအုပ်စု၊ မစမ်းပါး ကျေးရွာရှိ ခိုင်ဇင်ယော်ကုမ္ပဏီပုစွန်မွေးမြူရေးစီမံကိန်းမှာ မရှိပါ။ ခိုင်ဇင်ယော်အမည်ဖြင့် ပုစွန်မွေးမြူရေးလုပ်ငန်းအပါအဝင် မည်သည့်လုပ်ငန်းဆောင်ရွက်ခွင့်ကိုမျှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံ တင်ပြထားခြင်းမရှိဘဲ၊ မရှိသကဲ့သို့ ကော်မရှင်အနေဖြင့်လည်း ခွင့်ပြုထားခြင်းမရှိပါ။ သို့သော် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ မစမ်းပါး ကျေးရွာအနီး ကွင်းအမှတ် (၉/OSS)ကွင်းရှိ ကြေးတိုင်ပြင်အတွင်းရှိ တောရိုင်းမြေဧရိယာ (၅၀၀)ဧကရှိ လုပ်ကွက်(၁)ကွက်နှင့် တောရိုင်းမြေဧရိယာ (၁၈၇)ဧကရှိ လုပ်ကွက်(၁)ကွက်၊ စုစုပေါင်းလုပ်ကွက်

(၂)ကွက်ရှိ မြေဧရိယာ (၆၆၇)ဧကအား ဦးစန်းမောင် (Khaing ZinYaw Trading Co.Ltd)မှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ လျှောက်ထားခဲ့ပါတယ်။ တောရိုင်းမြေ(၅၀၀)ဧကအား တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ ၂၄ - ၁၀ - ၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၂၃၇/မလရ-၁၀(တနင်္သာရီ)ဖြင့် ပုစွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက အပြောင်းအလဲရှင်းလင်းရမည်ဖြစ်သည့်အတွက် ၎င်းနေရာများ၏ သဘာဝပတ်ဝန်းကျင်နှင့် ဒီရေတောဂေဟစနစ်များ ထိခိုက်ပျက်စီးစေနိုင်ခြင်း၊ နေရာအနှံ့အပြားတွင် ဒီရေတောမျိုးဆက် အပင်ငယ်အများအပြား ကောင်းမွန်စွာ ရှင်သန်ပေါက်ရောက်လျက်ရှိသည်ကို တွေ့ရှိရခြင်းတို့ကြောင့် အဆိုပါဧရိယာအား သဘာဝအတိုင်း ဆက်လက်ထားရှိသင့်ကြောင်းဟုဖော်ပြ၍ ငြင်းပယ်အကြောင်းကြားစာကို ပုံစံ(၁၆)ဖြင့် ဗဟိုကော်မတီမှ ၆ - ၉ - ၂၀၁၈ ရက်နေ့တွင် ပေးပို့ငြင်းပယ်ထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

တောရိုင်းမြေဧရိယာ (၁၈၇)ဧကအနက် ဒေသခံတောင်သူ (၅)ဦးမှ ဓနိပင်စိုက်ပျိုးထားသည့်ဧရိယာ(၂၀)ဧကခန့်အား ချန်လှပ်၍ ကျန်ရှိသည့်ဧရိယာ (၁၆၇)ဧကခန့်ကိုသာ ခွင့်ပြုသင့်ကြောင်း ၂၁-၆-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁၂၅/မလရ-၄(တနင်္သာရီ)ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ပြထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်း ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်နှင့် (Khaing Zin Yaw Trading Co.Ltd)တို့မှ ပုစွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားမှုအပေါ်တွင် မြေယာလုပ်ကိုင်ခွင့် ခွင့်ပြုထားမှုမရှိသေးပါကြောင်းနှင့် သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနတွင်လည်း ပုစွန်မွေးမြူရေး(ယာယီ)လိုင်စင် လျှောက်ထားမှုမရှိသေးသည်ကို စိစစ်တွေ့ရှိရပါတယ်။ ၎င်းလုပ်ငန်းများလုပ်ကိုင်နေပါက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့က ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ အခုလို လာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ဝန်ကြီးခင်ဗျား။ ခုနလေးက ဝန်ကြီးပြောတဲ့အတိုင်း ကျွန်တော်တို့ ဒီ ရေချိုချောင်းကျေးရွာရဲ့ အနောက်ဘက်မှာ ဒီရေတောကျဲပါးတယ်ဆိုတဲ့ဟာကို အောက်ခြေမှာ ပြန်လည်ပြီးတော့ စိစစ်ပေးစေလိုပါတယ်။ အခုတော့ ဒီရေတောတွေ တကယ့်ကို ကုန်သွားတဲ့အခြေအနေဖြစ်နေပါပြီ။ ကျွန်တော်လည်း Power Point မှာ ပြထားပြီးသားဖြစ်ပါတယ်။ ပြီးတော့ ဒီရေတောကိုသတ်ပြီးတော့ ပုစွန်မွေးမြူတဲ့စီမံကိန်းဟာ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများကို ကုမ္ပဏီကနေပြီးတော့ ဒါ တင်ထားဆဲအခြေအနေပဲဖြစ်ပါတယ်။ လျှောက်ထားဆဲအခြေအနေပဲဖြစ်ပါတယ်။ ခွင့်ပြုထားတာ မဟုတ်တဲ့အတွက်ကြောင့် ဥပဒေမဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့အတွက် အဆိုပါကုမ္ပဏီများကို မည်သည့်အချိန်တွင် အမြန်ဆုံးတားမြစ်ပြီး အရေးယူသွားမယ်ဆိုတာ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးဆက်အောင် (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်၊ ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)** ။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥစ္စာက ဒီရေတောနဲ့ ပတ်သက်ပြီးတော့ အရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်း စိစစ်လေ့လာမှုများကတော့ တနင်္သာရီတိုင်းဒေသကြီးအစိုးရနဲ့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့က ဆက်လက်ဆောင်ရွက်ပြီး စိစစ်စစ်ဆေးထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ ၎င်းတို့စိစစ်ထားတဲ့အချိန်နဲ့ ယခုလက်ရှိအချိန်မှာ ကွာခြားမှုများဖြစ်လာတယ်ဆိုလို့ရှိရင် တိုင်းဒေသကြီးအစိုးရနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့က ဆက်လက်ပြီးတော့ စိစစ်စစ်ဆေးသွားမှာဖြစ်ပါတယ်။ ထိုကဲ့သို့ စစ်ဆေးပြီးလို့ရှိရင်လည်း ဖြစ်လာနိုင်တဲ့ တကယ်လို့ လုပ်ကိုင်ခွင့်မရှိဘဲနဲ့ လုပ်ထားတယ်ဆိုလို့ရှိရင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ ၎င်းတို့ဥပဒေနဲ့အညီ ဆက်လက်ပြီးတော့ လုပ်ထုံးလုပ်နည်းအရ အရေးယူသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နေပြည်တော်ကောင်စီဝင်တစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**မြို့နယ်တိုင်းရှိ စည်ပင်သာယာဈေးများတွင် ယခင်အခါများကထားရှိသော သမာဓိချိန်ခွင်နှင့် ခေတ်ပေါ် သမာဓိဒီဂျစ်တယ်ကတ္တားများထားရှိပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်က မြို့နယ်တိုင်းရှိ စည်ပင်သာယာဈေးများတွင် ယခင်အခါများကထားရှိသော သမာဓိချိန်ခွင်နှင့် ခေတ်ပေါ်သမာဓိဒီဂျစ်တယ်ကတ္တားများထားရှိပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မြို့နယ်တိုင်းရှိ စည်ပင်သာယာဈေးများတွင် ယခင်အခါများက ထားရှိသော သမာဓိချိန်ခွင်နှင့် ခေတ်ပေါ် သမာဓိဒီဂျစ်တယ်ကတ္တားများထားရှိပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ နေ့စဉ်ဈေးဝယ်ယူကြရာတွင် တန်ရာတန်ကြေး ကျသင့်ငွေပေးချေသည့်အလျောက် တိကျသော ကုန်ချောက်နှင့် သား၊ ငါး၊ ဟင်းသီးဟင်းရွက် အလေးချိန် ရရှိစေရန် ရည်ရွယ်ပါသည်။ လူတို့၏ နိစ္စဓူဝကိစ္စများအနက် စားသောက်ရေးသည် ပဓာနအကျဆုံး ကိစ္စဖြစ်ပါသည်။ စားသောက်ရေးအတွက် မဖြစ်မနေ ဈေးဝယ်ခြင်းအလုပ်ကို နေ့စဉ် မိသားစုတိုင်း ဆောင်ရွက်နေကြရပါတယ်။ ဈေးသည်များ ရောင်းသော ဈေးအတိုင်း ငွေကြေးကိုပေးချေပြီး တိကျမှန်ကန်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်စသော ကုန်စိမ်းနှင့် ကြက်သွန်၊ အာလူး၊ ငါးခြောက်၊ ပုစွန်ခြောက် စသည့်ကုန်ခြောက်များကို အလေးချိန်တိတိကျကျရလိုကြသည်မှာ ဈေးဝယ်သူတိုင်း အလိုချင်ဆုံးဆန္ဒဖြစ်ပါသည်။

ယခုအခါ တောရော၊ မြို့ပါမကျန် ဈေးသည်အားလုံးနီးပါးသည် အလေးချိန်မပြည့်ဝသော အလေးများဖြင့်သာ ချိန်တွယ်ရောင်းချနေကြပါသည်။ အထူးသဖြင့် အသား၊ ငါးကဲ့သို့ ဈေးကြီးသော ပစ္စည်းများကို ပို၍အလေးခိုးကြပါသည်။ (၁)ပိဿာဝယ်လျှင် (၈၀)ကျပ်သားခန့်သာရရှိပါသည်။ (၅၀)ကျပ်သားဝယ်လျှင် (၃၅)ကျပ်သား၊ (၄၀)ကျပ်သားခန့်သာရရှိပါသည်။ လွန်ခဲ့သော (၁၀)နှစ် ကျော်ခန့်က စည်ပင်သာယာဈေးတချို့တွင် သမာဓိချိန်ခွန်များ ထားပေးပါသည်။ ဝယ်ပြီး ပြန်စစ် ကြည့်၍မပြည့်လျှင် ပြန်ပြော၍ရပါသည်။ ယခုအခါ အမြို့မြို့အနယ်နယ်ရှိ စည်ပင်သာယာဈေးတိုင်း လိုလိုတွင် သမာဓိချိန်ခွင်မရှိတော့ပါ။ ဈေးသည်များထင်သလို အလေးခိုးနေသည်ကို လုပ်သား ပြည်သူများ အားလုံးခံနေကြရပါသည်။ အချို့ဆိုင်များသည် သူ၏အလေးနှင့် အလေးချိန်ပြည့်ပြည့် ပေး၍ ပြန်ချိန်ကြည့်ပြီး လျော့နေလျှင် မူလဈေးသည်ဆီပြန်ပြောပါက မူလဈေးသည် သည် ရိုင်းပြစွာ ပြောဆိုဆက်ဆံတတ်ကြပါသည်။ အထူးသဖြင့် အသားသည်၊ ငါးသည်များမှာ ပို၍ ရိုင်းစိုင်းကြပါသည်။ ပိုက်ဆံပေးဝယ်စားရသော်လည်း ရိုင်းစိုင်းစွာဆက်ဆံကြသဖြင့် ပြန်မပြောတော့ဘဲ ပေးသမျှ အောင့်သက်သက်နဲ့ ဝယ်စားနေကြရပါသည်။ ဤသို့ဖြစ်နေသည်မှာ တစ်မြို့တည်း၊ တစ်နယ်တည်းမှာ မဟုတ်ဘဲ တစ်နိုင်ငံလုံးမှာဖြစ်နေသည်ဟု ယုံကြည်ရပါသည်။

အလေးများကို လေ့လာကြည့်သောအခါ သုံးမျိုးသုံးစားတွေ့နိုင်ပါသည်။ ပုံမှန်အလေး၊ အလေးကြီးနှင့် အလေးသေးတို့ ဖြစ်ပါသည်။ အလေးကြီးက ကုန်သည်ကြီးများသည် ဒိုင်များမှ သူတို့ ပစ္စည်းဝယ်ယူရန်သုံးပါသည်။ (၁)ပိဿာနှင့် (၃၀)ကျပ်သားခန့်ရှိပါသည်။ အလေးသေးမှာ စားသုံးသူ များကို လက်လီဈေးသည်များက ပြန်ရောင်းချရာတွင်သုံးပါသည်။ ဥပမာအားဖြင့် (၁)ပိဿာအလေး သည် (၈၀)ကျပ်သားခန့်သာရှိပါသည်။ (၁)ပိဿာကို (၅၀၀၀)ကျပ်နှင့် ဝယ်ပါက (၈၀)ကျပ်သားကို (၅၀၀၀)ကျပ်နှင့် ဝယ်ယူခြင်းဖြစ်၍ (၆၂၅၀)ကျပ်ဈေး ဖြစ်သွားပါသည်။ ဈေးဝယ်သူများသည် ဈေးသည် ပြောသောဈေးနှင့် ဝယ်ယူပြီး ပေးသလောက်သာ ရရှိကြပါသည်။

မိုက်ရိုင်းသော ဈေးသည်များကြောင့် တန်ရာတန်ကြေးပေးရသော်လည်း သား၊ ငါး၊ ဟင်းသီးဟင်းရွက် တန်ရာတန်ကြေးမရသောကြောင့် အောင့်သီးအောင့်သက်ဖြင့် ဝယ်ယူစားသောက် နေကြရပါသည်။ ဒိုင်ခွက်နှင့် ချိန်ခွင်များကို သုံးသူများမှာလည်း ဈေးဝယ်သူဘက်မလှည့်ဘဲ သူတို့ ဘက်သာ လှည့်ထားတတ်ပါသည်။ မပြောရဲပါ။ ပြန်ပြောလျှင်လည်း မိုက်ရိုင်းစွာ ရန်တွေ့တတ်ပါသည်။ ခေတ်ပေါ် ဒစ်ဂျစ်တယ်ကတ္တားများမှာလည်း သူတို့စဝယ်ကတည်းက ကတ္တားအရောင်းဆိုင်ကို အလေး

ခိုးရန် ပြုပြင်ခိုင်းထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ပုံမှန်အလေးမှာ ဝယ်နေကြ မျက်မှန်းတန်းမိသူများကို ရောင်းချရာတွင်သုံးပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါသည်။ ဒါကတော့ အလေးပုံစံအမျိုးမျိုးနဲ့ တင်ပြထားတာပါ။ ဒါကတော့ အလေးတစ်ခုခုပေါ့နော်။ သုံးမျိုးသုံးစားရှိတာကို ပြောပြထားတာပါ။ ဒါကတော့ ဒစ်ဂျစ်တယ် ဒိုင်ခွက်နဲ့၊ ဒါကတော့ ဒိုင်ခွက်နဲ့ အလေးကို ချိန်ထားတာ၊ သူက အလေးရောင်းတဲ့အခါမှာဆိုလို့ရှိရင် ဈေးသည်တွေက သူတို့ဘက်ပဲလှည့်တယ်။ ဈေးဝယ်သူတွေဘက် မလှည့်ဘူး။ ဈေးဝယ်နေတဲ့ပုံ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

သမာဓိချိန်ခွင်နှင့် ယနေ့ခေတ်ပေါ်ဒစ်ဂျစ်တယ်ကတ္တာများကို ဈေးဝယ်သည့် အချိန်ဖြစ်သည့် နံနက်(၆)နာရီမှ ညနေ(၆)နာရီအထိ ထားပေးရန် သို့မဟုတ်ပါက သမာဓိချိန်ခွင်နှင့် ယနေ့ခေတ်ပေါ်ဒစ်ဂျစ်တယ်ဖြင့် တိတိကျကျချိန်ပေးသော ဈေးခေါင်းသည် ဈေးသည်များနှင့်ပေါင်းပြီး သဘောလောက် (၁)နာရီ၊ (၂)နာရီလောက်သာ သမာဓိချိန်ခွင်၊ အလေးနှင့် ခေတ်ပေါ်ဒစ်ဂျစ်တယ်ကတ္တားများကိုထားပေးပြီး ပြန်သိမ်းသွားတတ်ပါသည်။ ထိုအခါ ဝယ်ယူသူများမှာ လာရောက်ချိန်တွယ်၍ မရနိုင်တော့ပါ။

နိဂုံးချုပ်အနေအားဖြင့် ပြောရလျှင် မည်သို့သော အလေးချိန်ခွင်ဖြစ်ပါစေ မပြည့်ဖို့မှာ (၉၀)ရာခိုင်နှုန်းလောက် သေချာသော ကိစ္စဖြစ်နေပါသည်။ သို့သော် မည်သူ့ကိုတိုင်ရမည်လဲ၊ မည်သူ့မှာ တာဝန်ရှိသလဲ အဖြေရှာမရ ဖြစ်နေပါတယ်။ ထို့ကြောင့် ရှေးယခင်ကလို စည်ပင်သာယာဈေးတိုင်းမှာ စစ်မှန်သောသမာဓိချိန်ခွင်၊ အလေး၊ ခေတ်ပေါ်ဒစ်ဂျစ်တယ်ကတ္တားများကို တာဝန်ရှိသူများမှ ဈေးဝယ်ချိန်၊ အပြည့်ချထားပေးပါရန်နှင့် အလေးခိုးသောဈေးသည်များကို ထိရောက်သောပြစ်ဒဏ်များ ချမှတ်အရေးယူပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဈေးဝယ်သူများကိုယ်စား သက်ဆိုင်ရာသို့မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အလေး အမျိုးမျိုး၏ မြင်ကွင်းပုံ (ကက)



အလေးချိန်အမျိုးမျိုး၏ မြင်ကွင်းပုံ (ကက-၁)



ဒစ်ဂျစ်တယ် ဒိုင်ခွက် မြင်ကွင်းပုံ (ကက-၂)



**နေပြည်တော်ကောင်စီ၊ လယ်ဝေးမြို့နယ်အတွင်းရှိ ပြည်ထဲရေး အမည်မပေါက်သည့် ကျေးရွာများအား ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး က နေပြည်တော်ကောင်စီ၊ လယ်ဝေးမြို့နယ်အတွင်းရှိ ပြည်ထဲရေးအမည်မပေါက်သည့် ကျေးရွာများအား ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီ၊ လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ ပြည်ထဲရေး အမည်မပေါက်သေးတဲ့ ကျေးရွာများအား ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ဝေးမြို့နယ်အတွင်းမှာ ပြည်ထဲရေးအမည်မပေါက်သေးတဲ့ ကျေးရွာပေါင်း (၄၀)ကျော်ရှိပါတယ်။ ဒီကျေးရွာတွေက မြေလွတ်မြေရိုင်းပေါ်မှာ သစ်တောကနေပြီး ၂၀၁၆ ခုနှစ်မှာ ပယ်ဖျက်ပေးမယ့်၊ ကင်းလွတ်ပေးမယ်ဆိုတဲ့ မြေတွေအပေါ်မှာ နောက် သစ်တော မြေတွေအပေါ်မှာ အသီးသီးရှိနေကြတာဖြစ်ပါတယ်။ ဒီလို ပြည်ထဲရေးအမည်မပေါက်တဲ့အခါမှာ ကျေးရွာဒေသတွေအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်တဲ့အခါမှာ စီမံရတာ ကျွန်တော်တို့ အခက်အခဲတွေများစွာကြုံတွေ့ရပါတယ်။ လူဦးရေ (၁၅၀၀၀)လောက်အတွက် ဖွံ့ဖြိုးမှုလုပ်ဆောင်တဲ့အခါမှာ အခက်အခဲတွေရှိပါတယ်။ ကျေးရွာတွေမှာ ရှိတဲ့ ပြည်သူလူထုနဲ့ ကျေးရွာပြည်သူလူထုက ကိုယ့်ရဲ့အသိစိတ်ဓာတ်နဲ့ ဒီဥပဒေလုပ်ထုံးလုပ်နည်းနဲ့ အညီ မြေလွတ်မြေရိုင်းထဲမှာရှိတဲ့ ရွာတွေအပေါ်မှာ နှစ်ရှည်လများနေထိုင်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ၂၀၁၄ ခုနှစ်ကစပြီး ပေါက်မြိုင်ကျေးရွာအုပ်စု၊ အောင်သာယာကျေးရွာ၊ သစ်ကြိမ်းကျေးရွာအုပ်စု၊ အောင်မင်္ဂလာကျေးရွာတွေမှာ ပြည်ထဲရေးအမည်ပေါက်လျှောက်ထားခဲ့ပါတယ်။ ယနေ့အချိန်ထိ အကြောင်းအမျိုးမျိုးနဲ့ ကျွန်တော်တို့ အခက်အခဲတွေရှိနေပါတယ်။ ဒါကြောင့်မို့ ဒီမေးခွန်းဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။

နောက် ပိတောက်ရှောင်ကျေးရွာအုပ်စု၊ လေးကသိမ်း ကျေးရွာဟာဆိုလို့ရှိရင် ကျွန်တော်တို့ လူဦးရေ(၈၅၀)ကျော်ရှိပြီးတော့မှ အစိုးရက ကျွန်တော်တို့ ချပေးထားတဲ့ စာသင်ကျောင်းတောင် ကျွန်တော်တို့ ရှိနေပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်တဲ့အခါမှာ စနစ်တကျစီမံခန့်ခွဲနိုင်ဖို့အတွက် ဒီကျေးရွာတွေကို ပြည်ထဲရေးအမည်ပေါက် အဖြစ် သတ်မှတ်ပေးဖို့ ပြည်ထဲရေးအမည်ပေါက်အဖြစ် ကြိုးစားလုပ်ဆောင်ပေးဖို့ အစီအစဉ် ရှိ/မရှိ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၆။**

**ဦးညီထွန်း (နေပြည်တော်ကောင်စီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စန်းမောင်မောင် ရဲ့ မြို့နယ်တိုင်းရှိ စည်ပင်သာယာရေးဈေးများတွင် ယခင်အခါများကထားရှိသော သမာဓိချိန်ခွင်နှင့် ခေတ်ပေါ်သမာဓိဒီဂျစ်တယ်ကတ္တားများထားရှိပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို ခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

မေးမြန်းထားတဲ့ မေးခွန်းက မြို့နယ်တိုင်းကို ရည်ရွယ်ပြီး မေးမြန်းထားတာဖြစ်တဲ့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးကိုလည်း ပေါင်းစပ်ညှိနှိုင်းပြီး ဖြေကြားပေးရန် စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်များရဲ့ ဖြေကြားချက်များကို ကျွန်တော့် အနေနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်များရဲ့ ဖြေကြားချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများသည် သမာဓိချိန်ခွင်နဲ့ ခေတ်ပေါ်သမာဓိဒစ်ဂျစ်တယ်ကတ္တားများထားရှိကြောင်းနဲ့ ကုန်စည် ရောင်းဝယ်မှုနည်းပါးသောဈေးငယ်များတွင် ထားရှိနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြား ထားရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်များရဲ့ ဖြေကြားချက်မှအချို့ကို ကောက်နုတ်တင်ပြလို ပါတယ်။ Power Point အသုံးပြုခွင့်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးကတော့ မြို့နယ်တိုင်းရှိ စည်ပင်သာယာဈေး (၁၀၂) ဈေးရှိရာ ဈေးတာဝန်ခံရုံး (၁)ရုံးစီထားရှိပြီး ဝယ်ယူစားသုံးသူ ပြည်သူများအနေဖြင့်လည်း အလေးချိန် မှန်ကန်စေရန်နှင့် ဈေးနှုန်းမှန်ကန်မှုရှိစေရန် ခေတ်ပေါ်သမာဓိဒစ်ဂျစ်တယ်ကတ္တား (၁)လုံးစီ ဆောင်ရွက် ထားရှိကြောင်း ဖြေကြားထားရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီးကတော့ သမာဓိချိန်ခွင်အား စည်ပင် သာယာရေးအဖွဲ့ပိုင်ဈေးတိုင်းတွင် (၁)ခုစီထားရှိပြီး ထားဝယ်မြို့၊ ကော့သောင်းမြို့၊ မြိတ်မြို့၊ ပုလောမြို့၊ တနင်္သာရီမြို့၊ ရေဖြူမြို့နှင့် ဘုတ်ပြင်းမြို့တို့တွင် ခေတ်ပေါ်သမာဓိဒစ်ဂျစ်တယ်ကတ္တားများ ထားရှိ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားထားရှိပါတယ်။

ပဲခူးတိုင်းဒေသကြီးကတော့ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ၂၁-၁-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၂၈၂/ဃ-၂/ပခစ(၀၂၀) ဖြင့် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် ခေတ်ပေါ် ဒစ်ဂျစ်တယ်ကတ္တားများထားရှိစေရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသို့ ညွှန်ကြားထားကြောင်း ဖြေကြားထားပါတယ်။ မကွေးတိုင်းဒေသကြီးကတော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (၂၆)ဖွဲ့ရှိ အဖွဲ့ပိုင်ဈေးများတွင် သမာဓိချိန်ခွင်ထားရှိကြပ်မတ်မှုအနေဖြင့် အဖွဲ့ပိုင်ဈေး (၄၃)ဈေး၊ ကျေးလက်ဈေး (၂၂)ဈေးတို့တွင် ရိုးရိုးအလေးချိန်ခွင်အသုံးပြုသော သမာဓိချိန်ခွင်များထားရှိပါကြောင်းနှင့် မြို့ပြဈေး (၄၃)ဈေးတွင် သမာဓိဒစ်ဂျစ်တယ်ကတ္တားများကိုထားရှိပါကြောင်း ဖြေကြားထားရှိပါတယ်။

မန္တလေးတိုင်းဒေသကြီးကတော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ဈေးဝယ်ပြည်သူများ ဝယ်ယူလာသောပစ္စည်းများ(အသား၊ အသီးများ)၏ အချိန်အတွယ်များ မှန်ကန်မှု ရှိ/မရှိ လာရောက်စိစစ်ချိန်တွယ်နိုင်စေရန်အတွက် ဈေးတာဝန်ခံရုံးများတွင် အဖွဲ့မှစံကိုက်ထားသော သမာဓိချိန်ခွင်၊ အလေး၊ အချိန်အတွယ်များနှင့် ခေတ်ပေါ်သမာဓိဒစ်ဂျစ်တယ်ကတ္တားများထားရှိကြောင်း ဖြေကြားထားရှိပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကလည်း အလေးချိန်ခွင် မှန်ကန်စွာရောင်းချခြင်းရှိ/မရှိ ရှောင်တခင်စစ်ဆေးခြင်း၊ မမှန်ကန်သောအလေးချိန်ခွင်အတိုင်းအတာများဖြင့် ရောင်းချပါက သတိပေးခြင်း၊ ထပ်မံကျူးလွန်ပါက စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ငွေအနည်းဆုံး (၁၀၀၀)ကျပ်မှ အများဆုံး(၁၀၀၀၀)ကျပ်အထိ ဒဏ်ရိုက်ခြင်းများ ဆောင်ရွက်ကြောင်း ဖြေကြားထားရှိပါတယ်။

ရှမ်းပြည်နယ်ကတော့ မြို့နယ်စည်ပင်သာယာရေးဌာန (၅၅)ခုရှိ ဌာနပိုင်ဈေးများတွင် သမာဓိချိန်ခွင်များ၊ သမာဓိဒစ်ဂျစ်တယ်ကတ္တားများအား ဥပဒေစည်းကမ်းများနှင့်အညီထားရှိ၍ ကြီးကြပ်အသုံးပြုလျက်ရှိပါကြောင်းနှင့် အသုံးပြုနိုင်မှုမရှိသေးသည့် မြို့နယ်များနှင့် ကျေးလက်ဈေးများတွင် ထားရှိအသုံးပြုနိုင်ရေးကို ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဟု ဖြေကြားထားရှိပါတယ်။

နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာတော့ မြို့နယ် (၈)မြို့နယ်ရှိပြီး ကော်မတီပိုင်ဈေးများနဲ့ ဈေးဝယ်လာရောက်သူပြည်သူများ အလေးတင်းတောင်းမှန်ကန်စွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ယခင် သမာဓိချိန်ခွင်အစား ခေတ်ပေါ်ဒစ်ဂျစ်တယ်ကတ္တားများကို ၂၀၁၁ ခုနှစ်မှစပြီး (၃၀)လုံးထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားထားရှိပါတယ်။

ယခုတင်ပြပါ ကတ္တားများကတော့ ကျွန်တော်တို့ နေပြည်တော် သပြေကုန်းဈေးရုံးမှာထားရှိတဲ့ကတ္တားဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒါကတော့ လယ်ဝေးမြို့ သီရိမင်္ဂလာဈေး၊ ဒါကတော့ ကျွန်တော်တို့ ကောက်နုတ်ပြီးတင်ပြတာဖြစ်ပါတယ်။ ကျွန်တော်တို့ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်မှာတော့ ဈေးတိုင်း နေရာ (၃၀)မှာ ထားရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ စည်ပင်သာယာပိုင်ဈေးများတွင် သမာဓိချိန်ခွင်နှင့် ခေတ်ပေါ်ဒစ်ဂျစ်တယ်ကတ္တားများကိုထားရှိ၍ အလေးတင်းတောင်းပြည့်မီစေရန် ကြပ်မတ်လျက်ရှိကြောင်း အချို့စည်ပင်သာယာရေးဈေးငယ်များတွင် လူဦးရေနည်းပါးပြီး ကုန်စည်ရောင်းဝယ်မှုနည်းပါးသဖြင့် သမာဓိချိန်ခွင်နှင့် အလေးအချိန်အတွယ်ကိုသာထားရှိကြောင်းနှင့် ခေတ်မီဒစ်ဂျစ်တယ်ကတ္တားများထားရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားထားရှိကြပါတယ်။

ထို့အပြင် အခါအားလျော်စွာ အလေးချိန်ခွင်များကိုဝင်ရောက်စစ်ဆေးပြီး မမှန်ကန်သောအလေးချိန်ခွင်များအသုံးပြုမှုအတွက် သတိပေးခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ငွေများ တပ်ရိုက်ခြင်းတို့ကို စည်ပင်သာယာရေးကော်မတီ၊ စည်းကမ်းဥပဒေတို့နှင့်အညီပြုလုပ်ရန် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများမှ အဖွဲ့လိုက်စိစစ်ကြပ်မတ်ရန်သာ လိုအပ်မည်ဖြစ်ကြောင်း ဖြေကြားကြပါတယ်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ လုပ်ဆောင်ထားရှိမှုအခြေအနေများ ဖြေကြားချက်များကို စုစည်းပေါင်းစပ်၍ တင်ပြအပ်ပါတယ်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ၏ နေပြည်တော်ကောင်စီ၊ လယ်ဝေးမြို့နယ်အတွင်းရှိ ပြည်ထဲရေးအမည်မပေါက်သည့် ကျေးရွာများအား ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်သည် ရပ်ကွက် (၇)ရပ်ကွက်၊ ကျေးရွာအုပ်စု (၆၀)အုပ်စု၊ ကျေးရွာ (၂၆၁)ရွာဖြင့် ဖွဲ့စည်းထားရှိပါတယ်။ ပြည်ထဲရေးအမည်မပေါက်သေးသည့် အိမ်ခြေ (၅၀)အထက် ကျေးရွာ(၄၁)ရွာရှိပြီး သစ်တောမြေတွင် ရွာ(၃၀)၊ ယာမြေတွင် (၃)ရွာနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွင် (၈)ရွာရှိကြောင်း တွေ့ရှိရပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေအမျိုးအစားတွင်ရှိသော ကျေးရွာ(၂)ရွာဖြစ်သည့် သစ်ကြိမ်းကျေးရွာအုပ်စု၊ အောင်မင်္ဂလာကျေးရွာနှင့် ပေါက်မြိုင်ကျေးရွာအုပ်စု၊ အောင်သာယာကျေးရွာတို့မှ ပြည်ထဲရေးအမည်ပေါက်ကျေးရွာများအဖြစ် သတ်မှတ်ရရှိနိုင်ရေးအတွက် ကျေးရွာများမှတင်ပြခဲ့ရာ လယ်ဝေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၃-၅-၂၀၁၄ ရက်နေ့တွင် အမှုတွဲဖွင့်လှစ်ဆောင်ရွက်၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြပေးခဲ့ပါတယ်။ တင်ပြချက်နှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၅-၈-၂၀၁၅ ရက်နေ့တွင် ကျေးရွာများ၏မြေနေရာမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေအမျိုးအစားတွင်တည်ရှိသောကြောင့် မြို့မြေ၊ ရွာမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်ပြီးမှသာ ပြည်ထဲရေးအမည်ပေါက်ကျေးရွာသတ်မှတ်ပေးရေး အမှုတွဲများပြန်လည်တင်ပြရန် ပြန်ကြားခဲ့ပါတယ်။

ထို့ကြောင့် လယ်ဝေးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ၂၆-၅-၂၀၁၆ ရက်နေ့တွင် အမှုတွဲများပြုစုတင်ပြခဲ့ရာ ဒက္ခိဏခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၂၁-၇-၂၀၁၆ ရက်နေ့ အစည်းအဝေးတွင် မြေသိမ်း၊ မြေလွှဲ အမှုတွဲတည်ဆောက်၍တင်ပြရန်ဆုံးဖြတ်ပြီး မြို့နယ်သို့ ပြန်လည်ပေးပို့ခဲ့ပါတယ်။ ထိုသို့ ခရိုင်နှင့် မြို့နယ်အဆင့်တွင် ကျေးရွာအမည်ပေါက် တင်ပြခြင်းလုပ်ငန်းစဉ်များ ကြန့်ကြာနေမှုအပေါ် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ခဲ့ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ ၂၂ - ၅ -၂၀၁၄ ရက်နေ့တွင် ထုတ်ပြန်သော မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါတယ်။ အမှန်မှာ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အမှုတွဲပြင်ဆင်ပြုစုလျှောက်ထားရန် လိုအပ်သဖြင့် ၂၁- ၄-၂၀၁၇ ရက်နေ့တွင် ထပ်မံညွှန်ကြားခဲ့ရပါသည်။

ထို့ကြောင့် ၁၂ - ၅ - ၂၀၁၇ ရက်နေ့တွင် မြို့မြေ၊ ရွာမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်ရရှိရန် အောင်သာယာကျေးရွာမှ ဦးခင်မောင်ထူး၊ အောင်မင်္ဂလာကျေးရွာမှ ဦးမြင့်သန်း တို့မှ အခြားနည်းသုံးစွဲခွင့်ရရှိရေးအတွက် ပုံစံ(၄)ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြနိုင်ရန် လယ်ဝေးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ပြန်လည်လျှောက်ထားလာခဲ့ရပါသည်။ အဆင့်ဆင့်တင်ပြလျှောက်ထားလာသော တင်ပြချက်များသည် ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ရောက်ရှိခဲ့ပြီး ပြန်လည်

စိစစ်ရာတွင် လိုအပ်ချက်(၈)ချက်တွေ့ရှိသဖြင့် ပြင်ဆင်ပြုစုပေးပို့နိုင်ရန် ၁၂ - ၁၂ - ၂၀၁၈ ရက်နေ့တွင် ပြန်လည်ပေးပို့ထားရှိပြီးဖြစ်ပါသည်။ ယခုအခါ လိုအပ်ချက်များကိုပြုစုဆောင်ရွက်၍ အမြန်ပြန်လည် တင်ပြနိုင်ရန် လယ်ဝေးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဆောင်ရွက် လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ကျေးရွာ(၂)ရွာအား မူလမြေအမျိုးအစားမှ မြို့မြေ၊ ရွာမြေအဖြစ် အသုံးချခွင့် ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်ဆဲဖြစ်ပြီး ခွင့်ပြုမိန့်ရရှိပါက ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအဖြစ်လျှောက်ထားခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင် မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ကျွန်တော် ထပ်ဆင့်မေးခွန်းလေး မေးပါရစေ။ အဲဒါကတော့ ကျွန်တော်တို့ ခုနတုန်းက တိုင်းဒေသကြီးအသီးသီး ကနေပြီးတော့ ဆောင်ရွက်ခဲ့တဲ့အကြောင်းကို နေပြည်တော်ကောင်စီဝင်က ဖြေကြားသွားပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးမှာတော့ ညွှန်ကြားထားတာပဲ ပြောသေးတယ်၊ ထိထိရောက်ရောက် ပေါ့နော်။ ချက်ချင်းဆိုသလိုထားရှိပေးဖို့ အစီအစဉ် ရှိ/မရှိ တစ်ခုမေးပါမယ်။ နောက်တစ်ခုကတော့ ဒီထားပေးမယ့် ဒစ်ဂျစ်တယ်ကတ္တားတွေကို အချိန်ပေါ့နော်။ အချိန်ဆိုတာ မနက်(၆)နာရီကနေ ညနေ (၆)နာရီအထိ စျေးဝယ်တဲ့အချိန်မှာ ထားပေးစေချင်ပါတယ်။ နို့မို့ဆိုရင် (၁)နာရီ၊ (၂)နာရီ အထားပြုပြီး တော့ ပြန်ရုပ်သိမ်းသွားလို့ရှိရင် ကျွန်တော်တို့ အဲဒီ အစီအစဉ်လေးရော ရှိ/မရှိ သိချင်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဖြေနိုင်လား။ ဖြေနိုင်ရင်။ ဖြေပါ။

**ဦးညီထွန်း (နေပြည်တော်ကောင်စီဝင်)။** ။ ကျွန်တော်တို့ မေးခွန်းမေးမြန်းချက်အရ သက်ဆိုင်ရာတိုင်းဒေသကြီးများကို ပို့ပြီးတော့ ကျွန်တော်တို့ စုစည်းပြီးတော့ ဖြေကြားတဲ့အချိန်မှာ တော့ အဲဒီလိုပဲ ကျွန်တော်တို့ တင်ပြလာတာ တွေ့ရှိရပါတယ်။ အခု ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အချက်အလက်များနဲ့ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးကို ထပ်မံမေးမြန်းပြီးတော့မှ ကျွန်တော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တံတားကြီးများ ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တံတားကြီးများ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ၁၂-၉-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့ထားသော တံတားကြီး များဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့ လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။

ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၇။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။

အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲဖို့ ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျွန်တော် အခန်း(၅)၊ ပုဒ်မ ၈ က စကားရပ်ကို ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ရာသီဥတုဆိုးရွားတာဖြစ်စေ၊ အခြားအကြောင်းအရာဖြစ်စေ မြင်ကွင်းမကောင်းတဲ့အခါမှာ ဘေးအန္တရာယ်ကင်းရှင်းနိုင်ရန် ပြည်သူ့လွှတ်တော်ကတော့ သတ်မှတ်ထားသည့်အမြန်နှုန်းလို့ ဖော်ပြထားတာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာတော့ ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့်အမြန်နှုန်းထက် ပိုမမောင်းရဆိုတဲ့အခါမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို ထောက်ခံပြီးတော့ ပြည်သူ့လွှတ်တော်ကို ကန့်ကွက်ထားတာဖြစ်ပါတယ်။ ရာသီဥတုမကောင်းလို့ ဘေးအန္တရာယ်ကင်းရှင်းနိုင်ရန်အတွက် သတ်မှတ်ထားတဲ့အမြန်နှုန်းဆိုရင် ဒါဟာပိုပြီးတော့ သင့်တော်မှုမရှိပါဘူး။ ဘာလို့လဲဆိုတော့ တံတားကြီးတွေမှာ ဖြတ်သန်းတဲ့အခါမှာ (၁၅)မိုင်နှုန်း ဖြတ်သန်းရမယ်လို့ သတ်မှတ်ထားတာရှိတယ်။ သို့သော် ရာသီဥတုဆိုးရွားတဲ့အခါမှာ ယာဉ်မောင်းသည် သူ့ရဲ့ဘေးအန္တရာယ်ကင်းရှင်းနိုင်လောက်တဲ့နှုန်းကို သူမောင်းသွားရမှာဖြစ်ပါတယ်။ တစ်ဘီးချင်း လှိမ့်သင့်ရင်လည်း လှိမ့်ရပါမယ်။ ကျွန်တော်တို့ (၅)မိုင်နှုန်းမောင်းသင့်ရင်လည်း မောင်းရပါမယ်။ ဒါကြောင့်မို့လို့ သတ်မှတ်ထားတဲ့ အမြန်နှုန်းအတိုင်းဆိုရင် (၁၅)မိုင်နှုန်းနဲ့ မောင်းရမှာဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က ပိုပြီးသင့်လျော်ကြောင်း ကျွန်တော် အမျိုးသားလွှတ်တော်ကို ထောက်ခံထားခြင်းဖြစ်ပါတယ်။

ပုဒ်မ ၁၇ လည်း ထိုနည်းလည်းကောင်းဖြစ်ပါတယ်။ ဒါကတော့ ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်များ ဖျက်ဆီးမှုဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားတာဖြစ်ပါတယ်။ ပုဒ်မ ၆ (ဃ) နဲ့ ပုဒ်မ ၁၁ (ခ)ပါ ပြဋ္ဌာန်းချက်ကြောင့် လိုအပ်တယ်ထင်ပြီးတော့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်နှင့်လူပုဂ္ဂိုလ်တို့၏ ဖျက်ဆီးမှုဆိုတဲ့စကားရပ်အရ ဖွင့်ဆိုထားတာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ ဖွင့်ထားပြီးသားဖြစ်ပါတယ်။ အခု လူတို့၏ ဖျက်ဆီးမှုဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသစ်ပြဋ္ဌာန်းလိုက်တဲ့အခါမှာ ပိုပြီးတော့ ဥပဒေက ပိုပြီးရှုပ်ထွေးသွား ဖွယ်ရာရှိပါတယ်။ ဒီမှာ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ လက်နက်ကိုင်သောင်းကျန်းမှု၊ အကြမ်းဖက်မှုတို့ ဒါက ထပ်ပြီးတော့ Defination ဖွင့်ရမယ့်အကြောင်းတရားပေါ် ပေါက်လာပါတယ်။

ဒါကြောင့်မို့ အသစ်ဖြည့်စွက်ချက်ကို ပယ်ဖျက်ရန်သင့်လျော်ကြောင်း ဆွေးနွေးခြင်းဖြစ်ပါတယ်။ ပုဒ်မ ၆ ဖြစ်ပါတယ်။ ပုဒ်မ ၆ ကတော့ သိသာမြင်သာသောနေရာဆိုတဲ့ စကားရပ်ကို အမျိုးသားလွှတ်တော်က အတည်ပြုထားပြီးတော့ ပြည်သူ့လွှတ်တော်က သိသာမြင်သာစေရန်ဆိုပြီးတော့ ပြင်ဆင်ထားတာဖြစ်ပါတယ်။ တံတားကြီးနယ်နိမိတ်တွေကို အများသူငှာ သိသာမြင်သာစေသောနေရာတွင်ဆိုတဲ့ဟာက ပိုပြီးတော့သင့်မြတ်မှုရှိတဲ့အတွက် အမျိုးသားလွှတ်တော်ကို ထောက်ခံထားခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကို ကန့်ကွက်ထားခြင်းဖြစ်တယ်။ ဒါကတော့ စကားရပ်မှာက အမျိုးသား

လွှတ်တော်ကတော့ ရေစုန်ရေဆန်ဘက်ကို ပြည်သူ့လွှတ်တော်က ရေဆန်ရေစုန်ဘက်ဆိုပြီးတော့ ပြန်ပြောင်းထားတာရှိပါတယ်။ ဒါက တစ်ချက်ပေါ့၊ အမျိုးသားလွှတ်တော်က ရေစုန်ရေဆန်ဆိုတာ မြန်မာနိုင်ငံသတ်ပုံကျမ်းအရ ပိုပြီးတော့မှန်ကန်မှုရှိတယ်လို့ ယူဆပါတယ်။ ရေစုန်ရေဆန်၊ လေစုန်လေဆန်၊ မျဉ်းတိုမျဉ်းရှည်၊ မောင်ဘွဲ့မယ်ဘွဲ့၊ အလိုက်သင့် အလျားသင့်စသည် ဒါတွေက အဘိဓာန်မှာ၊ မြန်မာနိုင်ငံသတ်ပုံကျမ်းမှာလည်း ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။

သို့သော် ပြည်သူ့လွှတ်တော်က ဘေးဖြစ်စေတတ်သော ဓာတုဗေဒပစ္စည်းများဆိုတာ ပိုပြီးတော့သင့်တော်ပါတယ်။ ဘေးဖြစ်စေတတ်သော စက်သုံးဆီလို့ သုံးခြင်းအားဖြင့်၊ ဘေးဖြစ်စေတတ်သော ဓာတုဗေဒပစ္စည်းများဆိုရင် ဒါကလည်း ကျွန်တော်တို့ ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြန်လည်သုံးသပ်ဖို့အတွက် ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် ဖြည့်စွက်ပြီး ဆွေးနွေးတာ၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ ဖြည့်စွက်ရတဲ့ ရည်ရွယ်ချက်ကတော့ ပြစ်မှုပြစ်ဒဏ်တွေ၊ ရေးထုံးတွေက ပုံစံတစ်မျိုးတည်းဖြစ်စေချင်တယ်။ မူတစ်မျိုးတည်းရေးသင့်တာကြောင့် ဆွေးနွေးခြင်းဖြစ်ပါတယ်။ ပြစ်မှုပြစ်ဒဏ်၊ ပြဋ္ဌာန်းချက်တွေကို ၁ ကနေ ၉ အထိ စာဖြင့်ရေးပြီးတော့ ၁၀ နှင့် အထက်ကို ဂဏန်းနှင့်ရေးလေ့ရှိပါတယ်။ ရှေ့က ဥပဒေတွေ၊ သို့သော် ဒီဥပဒေမှာတော့ ကျပ်(၁၀) သိန်းလို့ ရေးထားပြီးတော့ လောင်းကစားဥပဒေမှာ ကျပ်တစ်ဆယ်သိန်းလို့ ရေးထားတာတွေရှိပါတယ်။

နောက်ပြီးတော့ ယဉ်ကျေးမှုအမွေအနှစ်ဥပဒေမှာဆိုရင် ကျပ်သိန်း (၃၀)၊ သိန်း(၅၀)တို့ကို ဂဏန်းနဲ့ရေးထားပြီး အခွတံတားကြီးများဥပဒေမှာ ကျပ်သိန်းတစ်ရာဆိုပြီးတော့ ရေးထုံးတွေက အဲဒီလို ဖြစ်နေတဲ့အတွက် ဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။ ဒါကလည်း ပူးပေါင်းကော်မတီက ပြန်လည်သုံးသပ်ရန် အတွက် ဆွေးနွေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မိုးသွင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၀၁။**

**ဗိုလ်မှူးကျော်မိုးသွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မိုးသွင် ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်က အတည်ပြုပေးပို့ပြီးတော့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့တဲ့ တံတားကြီးများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ပါ အပိုဒ် ၂(ဂ)(ဃ)(င)(စ)နဲ့(ဆ)တို့ကို အမျိုးသားလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသည့်အတိုင်း ဖော်ပြရန် နှင့် အခန်း(၉) အထွေထွေပြဋ္ဌာန်းချက်ပါ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၈ ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသဖြင့် ပြန်လည်ထည့်သွင်းပြဋ္ဌာန်းရန် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

အပိုဒ် ၂ (ဂ)မှာ ဒေသဆိုင်ရာ အစိုးရအဖွဲ့ဆိုသည်မှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဒေသဦးစီးအဖွဲ့တို့ကို ဆိုသည်ဟု အမျိုးသားလွှတ်တော်က အတည်ပြုပေးထားပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မှာတော့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဆိုသည်မှာဆိုပြီးတော့ ပြင်ဆင်ထားတာဖြစ်တဲ့အတွက် အဓိပ္ပာယ်ပြည့်စုံမှု ရှိစေတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်း ဖော်ပြရန် ဆွေးနွေးတင်ပြအပ်ပါတယ်။ အပိုဒ် ၂(ဃ)မှာလည်း အမျိုးသားလွှတ်တော်က တာဝန်ခံဝန်ကြီးဌာနဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်ဟု ပြဋ္ဌာန်းထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်လို့ ပြင်ဆင်ထားတဲ့အတွက် ဒီဥပဒေနဲ့စပ်လျဉ်း၍ တာဝန်ခံ ဆောင်ရွက်ရမည့် ဝန်ကြီးဌာနကို ဖော်ပြရာမှာ အဓိပ္ပာယ်ပေါ်လွင်မှုရှိစေတဲ့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းပဲ ပြဋ္ဌာန်း ဖော်ပြရန် ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အပိုဒ် ၂(င) ဝန်ကြီးဌာနဆိုသည်မှာ တံတားကြီး တည်ဆောက်ထိန်းသိမ်းထားသည့် ဆက်စပ်ဝန်ကြီးဌာနကို ဆိုသည်ဟု အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားပါတယ်။ ပြည်သူ့လွှတ်တော်က သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ တံတားကြီး ပြုပြင်တည်ဆောက်ထိန်းသိမ်းထားသည့် ဆက်စပ်ဝန်ကြီးဌာနကို ဆိုသည်ဟု ပြင်ဆင်ထားသဖြင့် အဓိပ္ပာယ်လေးနက်ထိမိမှုရှိတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းရန်တင်ပြအပ်ပါတယ်။

ဒါ့အပြင် အပိုဒ်၂(စ)မှာလည်း သက်ဆိုင်ရာဦးစီးဌာနဆိုသည်မှာ ဝန်ကြီးဌာနက တံတားကြီးများနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကိုဆိုသည်ဟု အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ဦးစီးဌာနဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက တံတားကြီးများနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကိုဆိုသည်ဟု ပြင်ဆင်ထားတဲ့အတွက်ကြောင့် အပိုဒ် ၂ (င)ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှု ရှိစေရန်အတွက် အမျိုးသားလွှတ်တော်၏ ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပြဋ္ဌာန်းရန် တင်ပြအပ်ပါတယ်။

အပိုဒ် ၂(ဆ)မှာလည်း ကော်မတီဆိုသည်မှာ တံတားကြီးတည်ဆောက်ထိန်းသိမ်းထားသည့် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီကိုဆိုသည်ဟု အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားပါတယ်။ ပြည်သူ့လွှတ်တော်က ကော်မတီဆိုသည်မှာ တံတားကြီးတည်ဆောက်ပြုပြင် ထိန်းသိမ်းထားသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ကိုဆိုသည်ဟု ပြင်ဆင်ထားသဖြင့် အဓိပ္ပာယ်ပြည့်စုံပြီးဖြစ်တဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပြဋ္ဌာန်းရန် ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အခန်း (၉)၊ အထွေထွေပြဋ္ဌာန်းချက် အပိုဒ် ၁၈ မှာ လုံခြုံရေးလိုအပ်ချက်အရ ဆောင်ရွက်ရန်လိုအပ်သော မိုင်းရှင်းခြင်း၊ မိုင်းခင်းခြင်း၊ မိုင်းရှာခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းနှင့် လုံခြုံရေးစခန်းများချထားခြင်းအား ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု အမျိုးသားလွှတ်တော်က အသစ်ဖြည့်စွက်ပြဋ္ဌာန်းထားပြီး ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။ လုံခြုံရေးလိုအပ်ချက်အရ ဆောင်ရွက်နိုင်ရေးအတွက် ပြဋ္ဌာန်းထားရခြင်းဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၈ ကို ပြန်လည်ထည့်သွင်းဖော်ပြရန် ဆွေးနွေးတင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုပြဋ္ဌာန်းချက် အပိုဒ် ၂ (ဂ)(ဃ)(င)(စ)(ဆ)နဲ့ အသစ်ဖြည့်စွက်ချက်အပိုဒ် ၁၈ တို့အား အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားသည့်အတိုင်း အတည်ပြုပြဋ္ဌာန်းရန် ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၅။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ကော်မတီ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျွန်တော် ဆွေးနွေးမယ့်အကြောင်းအရာကတော့ ပြီးခဲ့တဲ့ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၂၀ - ၂ - ၂၀၁၉ ရက်နေ့က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များနှင့်အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့တဲ့ တံတားကြီးများဥပဒေကြမ်းနှင့်ပတ်သက်ပြီး အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ အခန်း(၁)၊ ပုဒ်မ ၂ ပုဒ်မခွဲ (ပ)နှင့် ပတ်သက်လို့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန်လည်း ခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားကြီးများဥပဒေကြမ်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ အဆိုပြုပြဋ္ဌာန်းစဉ်ကတည်းက ပြဋ္ဌာန်းလိုက်တဲ့ ရည်ရွယ်ချက်ကို ကြည့်မယ်ဆိုရင် တံတားကြီးများနဲ့ပတ်သက်ပြီး ပေါ်ပေါက်ဖြစ်ပွားလာနိုင်တဲ့ အကြောင်းအရာကိစ္စရပ်တွေကို ရည်ညွှန်းပြဋ္ဌာန်းထားတယ်ဆိုတာ တွေ့ရှိရပြီးတော့မှ ဘေးအန္တရာယ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ သဘာဝအလျောက် ပေါ်ပေါက်ဖြစ်ပွားလာခဲ့တဲ့ ဘေးအန္တရာယ်နဲ့ လူတို့ရဲ့ ပယောဂ၊ လူတို့ရဲ့ ပြုမူဆောင်ရွက်မှုတွေကြောင့် ပေါ်ပေါက်လာခဲ့တဲ့ဘေးအန္တရာယ်ဆိုပြီး (၂)မျိုး(၂)စား အဓိပ္ပာယ်ဖွင့်ဆိုခဲ့ခြားရမှာဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပြဋ္ဌာန်းလိုက်တဲ့ သဘာဝဘေးအန္တရာယ်ဆိုသည်မှာဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သဘာဝအလျောက် ဖြစ်ပွားခဲ့တဲ့ ဘေးအန္တရာယ်နဲ့ လူတို့ရဲ့ပြုမူဆောင်ရွက်မှုကြောင့် ပေါ်ပေါက်ခဲ့တဲ့ ဘေးအန္တရာယ်ကို ရောထွေးအဓိပ္ပာယ်ဖွင့်ဆိုထားတာဖြစ်တဲ့အတွက် ဒီဟာကို ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ ပြင်ဆင်လိုတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုပြဋ္ဌာန်းချက်အပေါ်မှာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ဖြည့်စွက်ပြီး Power point မှာ ပြထားတဲ့အတိုင်း သဘာဝဘေးအန္တရာယ်မှာဆိုသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ လူတို့၏ဖျက်ဆီးမှုဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို(၂)မျိုးခွဲခြား

အဓိပ္ပာယ်ဖွင့်ဆိုလိုက်တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပထမပြင်ဆင်ချက်ဖြစ်တဲ့ ဘသာဝဘေးအန္တရာယ်မှာ ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ်မှာတော့ ပြင်ဆင်ဖြည့်စွက်စရာမရှိပါဘူး။ လက်ခံပါတယ်။ သို့ပါသော်လည်းပဲ ပုဒ်မ ၂ ပုဒ်မခွဲ (ပ)အဖြစ် အသစ်ဖြည့်စွက်ခဲ့တဲ့ လူတို့၏ ဖျက်ဆီးမှုဆိုသည်မှာ ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ်မှာတော့ ပြင်ဆင်ဖြည့်စွက်စရာတွေရှိနေပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ အသစ်ဖြည့်စွက်ချက်ကိုကြည့်မယ်ဆိုရင် လူတို့၏ဖျက်ဆီးမှုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုလိုက်တာနှင့် မူလအဆိုပြုပြဋ္ဌာန်းချက်မှာပါဝင်နေတဲ့ မတော်တဆမှုတို့၊ ပေါ့ဆမှုတို့ဟာ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ရဲ့အောက်မှာ အကျုံးမဝင်နိုင်တော့ပါဘူး။ ထို့အတူ ဒီ မတော်တဆမှု၊ ပေါ့ဆမှုတွေကိုလည်း ချန်လှပ်ထားခဲ့လို့မရပါဘူး။ ဒါတွေက နေ့စဉ်နဲ့အမျှ အချိန်မရွေးဖြစ်ပေါ်လာနိုင်တဲ့ကိစ္စရပ်တွေပါ။ ဆိုလိုတာက ဖျက်ဆီးမှုဆိုတာ ရည်ရွယ်ချက်ရှိပါတယ်။ မတော်တဆမှု၊ ပေါ့ဆမှုဆိုတာ ရည်ရွယ်ချက်မရှိဘဲနဲ့ ပေါ်ပေါက်လာရတဲ့ ဖျက်ဆီးမှုတွေဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ရဲ့အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ လူတို့၏ ဖျက်ဆီးမှုဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုသည်ထက် ပိုမိုပြည့်စုံစေရန်အတွက် Power point မှာ ပြထားတဲ့အတိုင်း လူတို့၏ဘေးအန္တရာယ်ဆိုသည်မှာ ပြုမူဆောင်ရွက်မှုကြောင့် ပေါ်ပေါက်ဖြစ်ပွားခဲ့ရသည့် အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ခြင်း၊ မတော်တဆမှုဖြစ်ခြင်း၊ ပေါ့ဆခြင်း စသည်တို့ကိုဆိုလိုသည်ဟု ပြင်ဆင်လိုပါကြောင်း ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များရရှိရေး မြေယာမှတ်ပုံတင် လုပ်ငန်းကို မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက် ဖြစ်သည့် တစ်မျိုးတည်းသောမြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်း တင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသောမြေပုံစနစ် ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းထားသည့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသောမြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၁၈)ဦး အမည်စာရင်းတင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၀။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းထားတဲ့ အဆိုနဲ့ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြေယာနဲ့ပတ်သက်ပြီး အမှုအခင်းတွေ၊ ပိုင်ဆိုင်မှု အရှုပ်အရှင်းပြဿနာတွေ အများကြီးရှိနေပါတယ်။ မြို့မြေ၊ ရွာမြေနဲ့ ဆိုင်တဲ့ပြဿနာတွေ၊ လယ်ယာမြေ စိုက်ပျိုးလုပ်ကိုင်ခွင့်အငြင်းပွားမှုနဲ့ပတ်သက်တဲ့ ပြဿနာတွေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဧကပေါင်းများစွာကို ကုမ္ပဏီတို့၊ ပုဂ္ဂလိကတို့ကို ဗဟိုက ချထားပေးတဲ့ နေရာမှာ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေတဲ့ တောင်သူတွေနဲ့အငြင်းပွားမှုပြဿနာတွေ၊ သိမ်းဆည်းခံ လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှုများနဲ့ပတ်သက်တဲ့ မြေသိမ်း၊ ယာသိမ်းအမှုအခင်း ပြဿနာတွေ မြေနုကျွန်းကိစ္စနှင့်ပတ်သက်ပြီး မြို့နယ်အချင်းချင်း စကားများရန်ဖြစ်တဲ့ ပြဿနာတွေ စသည်ဖြင့် တစ်နိုင်ငံလုံးအနှံ့ဖြစ်ပေါ်လျက်ရှိနေကြပါတယ်။ ဒါ့အပြင် စားကျက်မြေ၊ သစ်တောမြေ၊ သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးမြေတွေမှာ ကျူးကျော်စိုက်ပျိုးနေတာတွေ၊ နေအိမ်တွေ ဆောက်နေတဲ့ပြဿနာတွေ ဒါတွေလည်းရှိနေပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီဖြစ်ပွားနေတဲ့ ပြဿနာတွေအားလုံးရဲ့ အဓိကအချက်ကတော့ မြေယာစနစ်တွေကို စနစ်တကျမှန်မှန်ကန်ကန် ပြုစုရေးဆွဲထားတဲ့မြေပုံစနစ်မရှိတာကြောင့် ဆိုတာ ထင်ရှားပါတယ်။ စနစ်တကျမှန်မှန်ကန်ကန် ရေးဆွဲထားတဲ့မြေပုံစနစ်မရှိတဲ့အတွက် မြေယာစီမံခန့်ခွဲခြင်း၊ အုပ်ချုပ်ခြင်း၊ မှန်ကန်တဲ့မြေအသုံးချမှုဝါဒချမှတ်ခြင်း၊ မြေယာခွဲဝေပေးခြင်းစတဲ့လုပ်ငန်း တွေ၊ လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ အားနည်းချက်တွေရှိနေရတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပေါ်ထွက်လာပြီးတဲ့နောက် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလကစပြီးတော့ ဥပဒေနဲ့အညီ လယ်ယာမြေတွေ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့တာရှိပါတယ်။ ယခုအခါ စိုက်ပျိုးမြေအားလုံးရဲ့ (၈၇)ရာခိုင်နှုန်းခန့်ကို လယ်ယာမြေပုံစံ(၇)များ ဆောင်ရွက်ပေးထားပြီးပြီလို့ သိရှိရ ပါတယ်။ ပြီးစီးသွားတဲ့ မှတ်ပုံတင်လုပ်ငန်း (၉၆)ရာခိုင်နှုန်းအနက် (၂၀)ရာခိုင်နှုန်းက အမှားအယွင်းတွေဖြစ်နေတယ်လို့ အဆိုရှင် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း က တင်ပြသွားတာတွေ့ရှိရပါတယ်။ ဘာကြောင့်ဒီလို ဖြစ်ရတာလဲဆိုတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀)ကျော် အင်္ဂလိပ်အစိုးရလက်ထက်က တိုင်းတာပုံထုတ်ထားခဲ့တဲ့ မြေပုံစာရင်းတွေကို အခြေခံပြီးဆောင်ရွက်ကြလို့ဖြစ်ကြောင်း ဆိုထားပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာလည်း မိမိတို့မဲဆန္ဒနယ်အတွင်းက လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ အမှုတွေ ဖွဲ့စည်းတဲ့အခါမှာလည်း အခက်အခဲတွေ တွေ့နေရပါတယ်။ အဆိုရှင် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ပြောသလို မြေကွက်တစ်ကွက်တည်းကို ဂရန်တစ်ခုထပ်ချထားပေးလို့ ဂရန်ထပ်နေတာတွေ၊ နှစ်ပေါင်းများစွာစိုက်ပျိုးနေတဲ့မြေကို အပေါင်ခံထားတဲ့သူ ဒါမှမဟုတ်ရင်လည်း မဆိုင်တဲ့လူက တာဝန်ရှိတဲ့ ဝန်ထမ်းတို့၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတို့နဲ့ ပူးပေါင်းပြီးတော့ မူလစိုက်ပျိုးလုပ်ကိုင်နေသူကို သိလည်းမသိ၊ သဘောလည်းမတူပါဘဲနဲ့ လယ်ယာမြေပုံစံ(၇) မရ ရအောင် လုပ်ယူသွားလို့ ပိုင်ဆိုင်မှုအငြင်းပွားနေတာတွေ၊ ယခင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟောင်းက ၎င်းကိုယ်တိုင်ရော အခြားရွာသားအချို့တွေအတွက်ပါ မြေတစ်ကွက်၊ မြေ(၁)လက်မမှ ပိုင်ဆိုင်မှု မရှိပါဘဲ မြေစာရင်းဝန်ထမ်းနဲ့ပေါင်းပြီးတော့ လယ်ယာမြေပုံစံ(၇)ရအောင်လုပ်ကာ စိုက်ပျိုးစရိတ်ချေးငွေတွေ၊ ထုတ်ချေးယူနေတာတွေ၊ တစ်ချို့ ပုံစံ(၇)မှာ (၀.၉၄)ဧကဟု ဖော်ပြထားပြီးအနေအထားမှာ (၀)ရဲ့ရှေ့မှာ (၁)ဂဏန်း ထပ်ရေးပြီးတော့ (၁၀.၉၄)ဧက ရှိပြီဆိုကာ မလိမ့်တပတ်နဲ့ ငွေချေးနေတာတွေ၊ မြေယာလျော်ကြေး ပေးတဲ့နေရာမှာလည်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ သက်ဆိုင်ရာမြေတိုင်းစာရေးတွေပူးပေါင်းပြီးတော့ ရှိတဲ့ဧကထက် စာရင်းပိုပြပြီး ငွေကြေးမသမာမှုပြုလုပ်နေတာတွေကို ထိရောက်စွာအရေးယူနိုင်ဖို့အတွက် မြေယာမှတ်တမ်းတွေကို သေချာစွာပြန်လည်ပြုစုဖို့ လိုအပ်လျက်ရှိနေပါတယ်။ တိကျသေချာတဲ့ မြေယာမှတ်တမ်းတွေရှိမှသာ ဖော်ပြထားတဲ့မသမာမှုတွေကို ဖော်ထုတ်ပြီးတော့ အရေးယူနိုင်မှာဖြစ်သလို အခက်အခဲတွေကိုလည်း လွယ်ကူစွာဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ က ထုတ်ပြန်ခဲ့တဲ့ အမျိုးသားမြေအသုံးချမှုဝါဒစာအုပ်ရဲ့ အပိုဒ် ၂၊ အခန်း(၁)၊ အပိုဒ် ၁၂(က)မှာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနဲ့ ဦးစီးဌာနအသီးသီးရဲ့ တည်ဆဲမြေနဲ့သက်ဆိုင်တဲ့မှတ်တမ်းများ၊ မြေပုံများနှင့် မှတ်ပုံတင်စနစ်များကို တစ်ပြေးညီဖြစ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနဲ့ သတင်းအချက်အလက်များ မျှဝေခြင်း ဆိုပြီး

**လုပ်ငန်းစဉ်ပါရှိသလို အပိုဒ်(ဂ)မှာ မြေအသုံးချခြင်း၊ မြေလုပ်ပိုင်ခွင့်ချထားခြင်းနဲ့ အခြားနည်း အသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ တရားဝင်အခွင့်အရေးရရှိစေခြင်း၊ အငြင်းပွားမှုများကိုလျော့ချခြင်းနှင့် မည်သည့် မြေအငြင်းပွားမှုကိုမဆို လွယ်ကူစွာဖြေရှင်းနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် တိကျသော နယ်နိမိတ်မြေပုံများရေးဆွဲခြင်းနှင့် မြေအမျိုးအစားနှင့် မြေအတန်းအစားသတ်မှတ်သည့်စနစ်များ၊ ထားရှိကျင့်သုံးခြင်းဆိုပြီးတော့ မူဝါဒတွေချမှတ်ထားတာတွေ့ရှိရပါတယ်။**

**ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အထက်မှာတင်ပြခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ အမျိုးသား မြေအသုံးချမှုဝါဒမှာပါရှိပြီးဖြစ်သလို ဒီကိစ္စကို အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်း ထားတဲ့ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များရဲ့ အကူအညီကိုရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနဲ့ မြေယာမှတ်ပုံ တင်ခြင်းလုပ်ငန်းတို့ကို နှစ်စဉ်အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန်ဆိုပြီး ပြည်ထောင်စုအစိုးရကို တိုက်တွန်းထားသော အဆိုအား လေးနက်စွာထောက်ခံပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။**

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ နန်းမိုးမိုးထွေး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၁၆။**

**နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)** ။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နန်းမိုးမိုးထွေး ဖြစ်ပါတယ်ရှင်။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုကို ကျွန်မရဲ့ မဲဆန္ဒနယ်ကို အခြေခံပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

**ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ ကရင်ပြည်နယ်မှာ တိုင်ကြားထားတဲ့ မြေယာမှုခင်း (၂၂၈)မှု ရှိတဲ့ အထဲမှာ (၂၁၆)မှု ဖြေရှင်းဆောင်ရွက်ထားပြီးပြီလို့သိရပါတယ်။ ဒါပေမဲ့ မြို့နယ်ထဲမှာတော့ အဆင်ပြေ ချောမွေ့စွာနဲ့ ပြေလည်သွားတဲ့မြေယာမှုခင်း မရှိသလောက် ဖြစ်နေပါတယ်။ ကျွန်မတို့ လှိုင်းဘွဲ့မြို့နယ်မှာ ကြိုးဝိုင်းသစ်တော (၇)ခုရှိပြီးတော့ ကြိုးပြင်ကာကွယ်တောအနေနဲ့ (၄)ခုရှိပြီး ဧကပေါင်းကတော့ (၂)သိန်းကျော်ရှိတယ်လို့လည်းသိရှိရပါတယ်။**

**ဒါပေမယ်လို့ တစ်ချို့သောသစ်တောမြေတွေထဲမှာ၊ ကြိုးဝိုင်းမြေတွေထဲမှာ ရွာတွေရှိနေ ပါတယ်။ လယ်ယာမြေတွေ၊ ဒေသခံတွေ၊ နှစ်ရှည်လများ၊ ဘိုးဘွားမဦးချ နေထိုင်လုပ်ကိုင်လာခဲ့တဲ့ လယ်ယာ မြေတွေပါဝင်နေပါတယ်။ စက်မှုကုန်ကြမ်း၊ ဂေါဒန်ကျောက်တူးဖော်ဖို့ ခွင့်ပြုထားတဲ့မြေတွေမှာလည်း ဒေသခံတောင်သူတွေရဲ့ လယ်ယာလုပ်ကိုင်စားသောက်လျက်ရှိတဲ့ မြေတွေပါဝင်နေပါတယ်။ သစ်တော မြေတွေထဲမှာ ကျွန်းနှင့် သစ်မာ၊ ရာဘာစိုက်ခင်းအတွက် ခွင့်ပြုထားတဲ့ဧက (၁)သောင်းကျော်ရှိပေမယ့်**

**လည်း ဒီစိုက်ခင်းတွေဟာ မြေပြင်မှာ အမှန်တကယ် ရှိ/မရှိ မသိရပါဘူး။ အမှန်တကယ် မစိုက်ထားတာတွေ၊ ခွင့်ပြုချက်မရှိဘဲနဲ့ စိုက်ပျိုးတာတွေ တကယ်ရှိနေပါတယ်။ ဒါတွေဟာ မြေစာရင်းမြေပုံနဲ့ မြေပြင် ကွဲလွဲချက်တွေဖြစ်ပြီးတော့ နယ်မြေအခြေအနေတွေကို လေ့လာသိရှိမှုအားနည်းပြီး ဒေသခံတွေကို အသိမပေး၊ အလေးမထားဘဲ ခွင့်ပြုပေးခဲ့တဲ့ ရလဒ်တွေပဲဖြစ်ပါတယ်။**

**၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ထွက်ရှိလာပြီးတဲ့နောက်မှာလည်း အကြောက်တရားနဲ့ အဂတိတရားတွေကြောင့် ဘာမှစိုက်လို့ပျိုးလို့မရတဲ့ ကျောက်ဆောင်၊ ကျောက်တုံးတွေပြည့်နှက်နေတဲ့ မြေတွေပေါ်မှာ မူလတောင်သူတွေရှိနေပါလျက်နဲ့ မူလတောင်သူကိုမပေးဘဲနဲ့ လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇)ကို အခြားသူတွေကိုထုတ်ပေးခဲ့တဲ့ဖြစ်ရပ်တွေ ကျွန်မတို့ မြို့နယ်မှာတကယ်ရှိနေခဲ့ပါတယ်။** အခုတော့လည်း အဲဒီမြေပေါ်မှာရော လမ်းဧရိယာကိုပါ အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းမပြုဘဲနဲ့ မြေဖို့တာတွေ၊ အိမ်ခြံမြေကွက်ရောင်းစားနေတာတွေ၊ အိမ်ဆောက်နေကြတာတွေရှိနေပါတယ်။ မူလတောင်သူတွေတိုင်ပေမယ့်လည်း ဘယ်ဌာနကမှ အရေးယူဆောင်ရွက်ပေးမှု မရှိပါဘူး။

ဒါ့အပြင် လယ်ယာမြေနဲ့ရင်ဆိုင်နေရတဲ့ ပြဿနာတွေနဲ့ရင်ဆိုင်နေရတဲ့ တောင်သူတွေဟာ မြေစာရင်း၊ မြေပုံတွေကိုတောင်းကြည့်ကြတဲ့အခါမှာ လုံးဝကြည့်ရှုခွင့်မရခဲ့ကြပါဘူး။ ကြည့်ရှုခွင့်ရဖို့အတွက် ငွေကြေးတွေပေးပြီးတော့မှ ကြည့်ခွင့်တောင်းခဲ့ရတဲ့အဖြစ်တွေ တကယ်ပဲရှိနေခဲ့ပါတယ်။ ကျွန်မတို့ ပြည်သူတွေကိုချပြလို့မရဲရလောက်အောင် မြေစာရင်း၊ မြေပုံတွေက ဘာတွေများဖြစ်နေသလဲ။ တွေးစရာတွေအများကြီးရှိလာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့ ပြည်သူတွေဟာ သတင်းအချက်အလက် ရယူပိုင်ခွင့်တွေဆုံးရှုံးနေပြီးတော့ ကျွန်မတို့ အစိုးရနှင့် ဝန်ကြီးဌာနတွေအပေါ်ကို ယုံကြည်မှုလျော့နည်းလာနေတာဖြစ်ပါတယ်။

ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာလည်း သတင်းအချက်အလက်တွေကို ရရှိဖို့အတွက် ဌာနတစ်ခုပြီးတစ်ခု လိုက်လံပြီးတော့မှ တောင်းဆိုနေရပါတယ်။ တောင်းခံနေရပါတယ်။ ကျွန်မတို့ လွှတ်တော်သုတေသနမှာ တောင်းတော့လည်း အနည်းဆုံးနှစ်ပတ်လောက်စောင့်ရပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေအနေနဲ့ သတင်းအချက်အလက်တွေ အလွယ်တကူရရှိနိုင်ဖို့ လိုအပ်သလို နိုင်ငံတော်အစိုးရအနေနဲ့ကလည်း ထိရောက်တဲ့သတင်းအချက်အလက်တွေရရှိပြီး စီမံကိန်းတွေရေးဆွဲနိုင်ဖို့၊ ဆုံးဖြတ်ချက်တွေချနိုင်ဖို့အတွက် ခိုင်လုံတဲ့သတင်းအချက်အလက်တွေ ပိုပြီးတော့မှ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်တင်ပြထားသလို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍမှာ ပိုမိုထိရောက်စွာနဲ့ ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာမှန်ကန်သော မြေယာအချက်အလက်များရရှိ၍ မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် တကယ်လိုအပ်နေတာဖြစ်ပါတယ်။


ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်ရှင်။ ဒါကတော့ ကျွန်မတို့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်မှာရှိတဲ့ မြေယာအသုံးချမှုအခြေအနေ မြေပုံတွေဖြစ်ပါတယ်။ ဒါကတော့ မြေပုံသတင်းအချက်အလက် အခြေခံအဆောက်အအုံတွေ တည်ထောင်ပြီးတဲ့ နိုင်ငံတွေကို အစိမ်းရောင်နဲ့ ဖော်ပြထားတဲ့ပုံတွေဖြစ်ပါတယ်။ ကျွန်မတို့ သမားရိုးကျစာရင်းဇယားတွေအစား မြေပုံ

တွေဟာဆိုလို့ရှိရင် အခြေအနေကို ဒါ လွယ်လွယ်ကူကူနဲ့ ပိုပြီးတော့မှနားလည်လွယ်စေတာ ဖြစ်ပါတယ်။ အမျိုးသားမြေအသုံးချမှုဝါဒမှာ ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုစနစ်တွေကို အသိအမှတ်ပြုထားတယ်။ မြေပုံတွေဟာ ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်တဲ့စနစ်တွေကို အကာအကွယ်ပေးတဲ့ တကယ့်အဓိက အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်လာတဲ့အခါမှာ အကြီးစားမြေယာချထားမှုတွေ ပြုလုပ်ပေးရပါတယ်။ အဲဒီလိုပြုလုပ်တဲ့အခါမှာ မြေပုံတွေဟာ အရေးကြီးတဲ့ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြေပုံတွေရေးဆွဲတဲ့ နည်းပညာအသစ် ဥပမာ Drone နဲ့ GPS နည်းပညာတွေဟာ ဆိုလို့ရှိရင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့အခါမှာ စည်းမျဉ်းစည်းကမ်းတွေ အတိုင်း လုပ်ကိုင်နေမှု ရှိ/မရှိ စောင့်ကြည့်စစ်ဆေးနိုင်တဲ့ လွန်စွာမှအသုံးဝင်တဲ့ နည်းပညာတွေပဲ ဖြစ်ပါတယ်။


ကျွန်မတို့ မြန်မာနိုင်ငံမှာတော့ အချက်အလက်ကောက်ယူတဲ့အခါမှာ ခေတ်မမီတော့တဲ့ နည်းတွေ အသုံးပြုခြင်းကြောင့် တိကျမှုဆိုင်ရာ ပြဿနာတွေဖြစ်နေပါတယ်။ သက်ဆိုင်ရာဌာနတွေ အကြား ပူးပေါင်းဆောင်ရွက်မှုအားနည်းတဲ့အတွက် အဆိုပါဌာနတွေကနေပြီးတော့ ရေးဆွဲလိုက်တဲ့ မြေပုံတွေဟာ ဆိုးဝါးတဲ့ကွဲလွဲမှုတွေ ဖြစ်နေတတ်ပါတယ်။ အဆိုပါ ကွဲလွဲမှုတွေအကြား မြေပြင်မှာ တကယ့်အသုံးချမှု ဆုံးဖြတ်ချက်တွေချတဲ့အခါမှာ အနုတ်လက္ခဏာဆောင်တဲ့ အဖြေတွေကိုပဲ ရရှိမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ဌာနတစ်ခုနဲ့တစ်ခုဟာ သူ့စာရင်းဇယားနဲ့ သူ့မြေပုံနဲ့ရှိနေပြီးတော့မှ တစ်ခုနဲ့ တစ်ခု ချိတ်ဆက်မှုလုံးဝမရှိဘူး။ ကွဲလွဲနေတာမျိုးတွေ တွေ့ရပါတယ်။ အကယ်၍သာ သတင်း အချက်အလက်ဌာနက သတင်းအချက်အလက်တွေ အားလုံးတစ်နေရာမှာ အတူတကွရှိနေတယ်။ စနစ်တကျရှိနေမယ်ဆိုလို့ရှိရင် အားလုံးရယူသုံးစွဲနိုင်မှာလည်းဖြစ်ပါတယ်။ ဌာနတစ်ခုနဲ့တစ်ခု ချိတ်ဆက်မှု အားကောင်းကောင်းနဲ့ သတင်းအချက်အလက်တွေအားလုံး တစ်ထပ်တည်းဖြစ်စေဖို့ တကယ်ပဲလိုအပ် နေပြီဖြစ်ပါတယ်။ အဲဒီလိုဖြစ်မှပဲ တစ်နေရာထဲမှာ တိကျမှန်ကန်တဲ့ သတင်းအချက်အလက်တွေ အားလုံးကို မျှယူသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ အရည်အသွေးပြည့်ပြီးတော့ အများရယူသုံးစွဲနိုင်တဲ့ မြေပုံနဲ့ အချက်အလက်တွေကို အဆင့်မြင့်နည်းပညာတွေသုံးပြီးတော့ ကျွန်မတို့နိုင်ငံမှာ အဆင့်မြှင့်တင်ဖို့ လိုနေပြီဖြစ်ပါတယ်။ အဲဒီလိုလုပ်ဖို့အတွက် ငွေကြေးတွေ၊ နည်းပညာတွေ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင် တင်သွင်းထားတဲ့ မူလအခြေခံလိုအပ်ချက်ဖြစ်တဲ့ တစ်မျိုးတည်းသောမြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို စနစ်တကျမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရ အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသောမြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ရှင်။


စာရင်းဇယားနှင့် ဖော်ပြခြင်းထက် မြေပုံဖြင့်ဖော်ပြခြင်းက ပိုမိုကောင်းမွန်ကြောင်း ပြသသည့်ပုံ (၁၁)




လေရှီးမြို့နယ်အတွင်းရှိ ဓလေ့ထုံးတမ်းအစဉ်အလာအရ မြေအသုံးချမှုဧရိယာပြပုံ (၁၁-၁)



ဌာနတစ်ခုချင်းစီ၏ Data များ တစ်နေရာတည်းတွင် လွယ်လင့်တကူ ရရှိနိုင်ခြင်းပြပုံ (ခခ-၂)



**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၃။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးရှင်းလင်းသွားမှာဖြစ်ပါတယ်။ အဆိုနဲ့ပတ်သက်ပြီး အဆိုရှင်ရဲ့ စေတနာကတော့ ၁ - ၃ - ၂၀၁၉ ရက်နေ့က ကျွန်မတို့ အမျိုးသားလွှတ်တော်မှာ အတည်ပြုလိုက်တဲ့ မြေဥပဒေ ပေါ်ထွက်လာစေရေးအဆိုအတွက် အကောင်အထည်ဖော်လုပ်ဆောင်ရမယ့် Procedure တွေကို ကြိုတင်လုပ်ဆောင်စေလိုခြင်းနဲ့ ဆက်လက်လုပ်ဆောင်စေလိုခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ နိုင်ငံတကာမှာ မြေယာစီမံအုပ်ချုပ်မှုတွေကို စနစ်ကျဖို့အတွက် မှတ်တမ်းတင်ထားတာတွေရှိပါတယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကောင်းမွန်တဲ့ မြေယာစီမံအုပ်ချုပ်မှုရှိရမယ်။ မြေယာစီမံခန့်ခွဲမှုဟာ နိုင်ငံတစ်နိုင်ငံအတွက် စနစ်တကျ အကျိုးဖြစ်ထွန်းဖို့လိုပါတယ်။ သယံဇာတ ထုတ်ယူသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်၊ မြို့ပြဖွံ့ဖြိုးရေး၊ စိုက်ပျိုးထုတ်လုပ်မှုတွေအားလုံး အကျိုးဖြစ်ထွန်းရပါတယ်။ မြေအသုံးချမှုမှာလည်း လူနေမှုဘဝတွေရဲ့ လိုအပ်ချက်တွေကိုဖြည့်ဆည်းဖို့ နယ်နိမိတ်တွေကို လေးစားလိုက်နာဖို့၊ ဂေဟစနစ်တွေမပျက်စီးဖို့ အခြေခံရပါမယ်။ လက်ရှိ ကျွန်မတို့ နိုင်ငံရဲ့ စနစ်မကျတဲ့ မြေယာစီမံအုပ်ချုပ်မှုကို ခိုင်မာတဲ့အမျိုးသားမြေဥပဒေတစ်ခု ပေါ်ပေါက်လာမှ စီမံဆောင်ရွက်မယ်ဆိုရင် မြေယာစီမံအုပ်ချုပ်မှုကိုလုပ်ပိုင်ခွင့်ရတဲ့ ဌာနအဖွဲ့အစည်းပေါင်း (၃၀)ကျော်နဲ့

ဥပဒေပေါင်း (၅၀)ကျော်အောက်မှာ မြေယာအခက်အခဲ ပြဿနာပေါင်းများစွာက ပိုပြီးတော့ ရှုပ်ထွေးသွားနိုင်ပါတယ်။ အချိန်တွေလည်း အများကြီးနောက်ကျသွားနိုင်ပါတယ်။

စနစ်မကျတဲ့ မြေယာစီမံခန့်ခွဲမှုနဲ့ မြေယာအသုံးချခွင့်၊ ပိုင်ဆိုင်ခွင့်တွေကို ပြင်ဆင်နိုင်ဖို့ မြေအမျိုးအစားနှင့် မြေအတန်းအစားသတ်မှတ်ခြင်း၊ တိကျသောနယ်နိမိတ်မြေပုံရေးဆွဲခြင်း၊ မြေမှတ်ပုံတင်ခြင်း စတဲ့အဓိက(၃)ချက်နဲ့လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဒီလိုလုပ်ဆောင်စေဖို့ကိုလည်း မြေအသုံးချမှုဝါဒ အခန်း(၂) အပိုဒ် ၁၂(ဂ)မှာ အတိအလင်းဖော်ပြထားပါတယ်။ မြေအမျိုးအစားနှင့် မြေအတန်းအစားသတ်မှတ်ဖို့နဲ့ပတ်သက်လို့ တရားဥပဒေစိုးမိုးမှု၊ အမျိုးသားမြေအသုံးချမှုဝါဒနဲ့ အမျိုးသားမြေဥပဒေတို့ကို ဥပဒေနဲ့အညီ ပြင်ဆင်သတ်မှတ်ရမယ်လို့ အခန်း(၂) အပိုဒ် (၁၄)မှာ အတိအလင်းဖော်ပြထားပါတယ်။ အမျိုးသားမြေအသုံးချမှုမူဝါဒ အခန်း(၂) အပိုဒ်(၁၃)မှာတော့ မြေအမျိုးအစားနှင့် မြေအဆင့်အတန်းကို အဓိကအားဖြင့် စိုက်ပျိုးမြေ၊ သစ်တောမြေနဲ့ အခြားမြေဆိုပြီး အဓိကအားဖြင့် (၃)မျိုးဖော်ပြထားပေမယ့် လက်တွေ့မှာ မြေအမျိုးအစား (၂၁)မျိုးကို ကျွန်မတို့နိုင်ငံမှာ မတူညီတဲ့ဌာနတွေက မတူညီတဲ့ဥပဒေတွေနဲ့ စီမံခန့်ခွဲနေပါတယ်။ ဌာနကြီးတစ်ခုချင်းစီရဲ့ စီမံခန့်ခွဲမှုတွေကလည်း ရှင်းရှင်းလင်းလင်းမရှိပါဘူး။ ရောထွေးနေပါတယ်။ ဥပမာအားဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေကြောင့် အခက်အခဲပြဿနာတွေဖြစ်နေတယ်ဆိုပေမယ့် ဘယ်နေရာ၊ ဘယ်ဒေသမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေ ဘယ်လောက်ရှိသလဲဆိုတာ တိတိကျကျမှန်မှန်ကန်ကန် မသိနိုင်ပါဘူး။ ကျွန်မရဲ့ မဲဆန္ဒနယ်မှာ ဧက(၂၀၀၀၀၀)ကျော်က မြေရိုင်းအမည်ပေါက်နေပေမယ့် အများစုက ဥယျာဉ်ခြံမြေဖြစ်နေပါတယ်။ အဲဒီအတွက် မှန်ကန်မှုမရှိပါဘူး။

၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ မြေရိုင်းဗဟိုကော်မတီက လုပ်ကိုင်ခွင့်ပေးခဲ့တဲ့ လူပုဂ္ဂိုလ် (၁၀)ဦးနှင့် မြေဧက (၁၀၀၀၀)ကျော်ဟာလည်း အကောင်အထည်ဖော်လုပ်ကိုင်ခဲ့ခြင်းမရှိသလို မြေပြင်မှာဒေသခံတွေရဲ့ စိုက်ပျိုးမြေတွေဖြစ်ပါတယ်။ သစ်တောမြေဖြစ်နေတဲ့ ဧက (၃၀၀၀၀၀)ထဲမှာလည်း စိုက်ပျိုးမြေတွေက ဧကသိန်းချီနဲ့ကျေးရွာတွေ အများအပြားရှိနေပါတယ်။ အဲဒီအတွက် တိကျတဲ့နယ်နိမိတ်ရေးဆွဲဖို့နဲ့ မှန်မှန်ကန်ကန်မှတ်ပုံတင်နိုင်ဖို့ အခက်အခဲဖြစ်စေပါတယ်။ အဲဒီအပြင် ပြည်တွင်းမှာရော ပြည်ပနိုင်ငံတွေနဲ့ပါ မြေယာပြဿနာတွေ၊ နယ်နိမိတ်ပြဿနာတွေ ဖြစ်ခဲ့ရပါတယ်။ နှစ်ပေါင်းများစွာဖြစ်တည်ခဲ့တဲ့ အားနည်းချက်၊ လိုအပ်ချက်တွေကြောင့် လက်ရှိအစိုးရက မြေယာတွေ၊ နယ်နိမိတ် ပြဿနာတွေနဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြေရှင်းနေရပါတယ်။

မြေမှတ်ပုံတင်ခြင်းမှာလည်း နိုင်ငံသားတွေရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံတော်ရဲ့ အကျိုးစီးပွားနှစ်ခုစလုံးကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ လက်ရှိမှာ ဌာနတွေရဲ့ မြေလုပ်ပိုင်ခွင့်တွေက ပြည်သူတွေရဲ့အကျိုးကို ထိခိုက်စေသလို မမှန်မကန်နဲ့ ပြည်သူတွေရဲ့ မြေလုပ်ကိုင်ခွင့်တွေ၊ အကျိုးစီးပွားလုပ်ကိုင်ခွင့်တွေဟာ နိုင်ငံတော်ရဲ့အကျိုးစီးပွားကို ထိခိုက်စေတာရှိပါတယ်။ ပိုင်ဆိုင်ခွင့်၊ အသုံးချခွင့်၊ လုပ်ပိုင်ခွင့်တွေကို တိတိကျကျ သတ်မှတ်ပေးဖို့လိုအပ်ပါတယ်။ ဒီနေ့ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ် မေးခွန်းမေးခဲ့သလိုပဲ ဒီရေတောတွေ လုပ်ပိုင်ခွင့်၊ စီမံခွင့်ရှိနေတဲ့ သစ်တော၊ သယံဇာတဌာနက မြေတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက MIC ရဲ့ ခွင့်ပြုချက်မရဘဲ လုပ်ကိုင်ဆောင်ရွက်နေတာမျိုးကို တွေ့ရှိရမှာဖြစ်ပါတယ်။

၁၉၅၃ ခုနှစ် လယ်ယာမြေဥပဒေကြောင့် ၁၉၆၃ ခုနှစ်မှာ လယ်သမားတွေ လယ်ယာမြေ လုပ်ပိုင်ခွင့်ပျောက်ခဲ့ပြီး ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေမှာတော့ သတ်မှတ်ချက်နှင့်အညီ လယ်လုပ်ခွင့် ပြန်ရခဲ့ပါတယ်။ သို့ပေမယ့်လည်း ပြင်ဆင်လိုက်တဲ့ဥပဒေထဲမှာ ပြောင်းလဲအသုံးချခွင့်များ ရှုပ်ထွေး နေပြီး တိကျပြတ်သားစွာ လုပ်ဆောင်ခြင်းမရှိတာ ဒီနေ့အထိဖြစ်ပါတယ်။ ဥပဒေနှင့်အညီ လုပ်ဆောင်တာ မဟုတ်ဘဲ အခွင့်အရေးရယူနေတာတွေဟာလည်း ဌာနတွေမှာရော၊ ပြည်သူတွေမှာရော အများကြီး ရှိနေပါတယ်။ ဌာနတွေရဲ့ လုပ်ပိုင်ခွင့်အဆင့်ဆင့်နဲ့ ပုံစံအမျိုးမျိုးကိုလည်း ပြည်သူတွေက မသိရှိ နားမလည်ကြပါဘူး။ ဒါကြောင့် မြေယာစီမံခန့်ခွဲမှုနှင့် မြေအသုံးချမှုအတွက် နိုင်ငံတကာမှာ အကောင်းဆုံး Model တွေနဲ့ပဲ ကျွန်မတို့နိုင်ငံမှာ ကောင်းမွန်တဲ့မြေပုံစနစ် လိုအပ်တယ်ဆိုတာ ဖော်ညွှန်းနေပါတယ်။ နိုင်ငံတစ်ခု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ရေရှည်တည်တံ့တဲ့စီမံခန့်ခွဲမှုမှာ မြေပုံစနစ်က အရေးကြီး ပါတယ်။ ထိရောက်တဲ့ ဆုံးဖြတ်ချက်တွေချမှတ်ခြင်းနှင့် စီမံကိန်းတွေရေးဆွဲဖို့အတွက် မြေပုံစနစ်မှာ တိကျတဲ့သတင်းအချက်အလက်တွေ စုဆောင်းနိုင်ဖို့လိုပါတယ်။ ဒါကြောင့် မြေပုံစနစ်ပေါ်ထွက်လာဖို့ အတွက် အစိုးရကို အပြည့်အဝအကူအညီပေးဖို့ ဆွစ်ဇာလန်အစိုးရရဲ့ SDA-Swiss Development Cooperation Agency က ၂၀၀၅ ခုနှစ်ကနေ ၂၀၁၃ ခုနှစ် (၈)နှစ်တာ One Map Myanmar Project ကို ရေးဆွဲနေပါတယ်။ SDA ကလည်း နည်းပညာနဲ့ငွေကြေးကို အဓိကပံ့ပိုးပေးတာ ဖြစ်ပါတယ်။

One Map Myanmar Team ဟာ အမျိုးသားမြေအသုံးချမှုကောင်စီအောက်မှာ ဝန်ကြီး ဌာန (၁၁)ခုနှင့် အဖွဲ့အစည်းပေါင်း (၂၆)ခု ပူးပေါင်းဆောင်ရွက်နေပါတယ်။ မွန်ပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး (၃)ခုမှာ လုပ်ဆောင်နေပြီးတော့ သင်တန်းအကြိမ်ပေါင်း (၇၀)နဲ့ ဆွေးနွေးမှုအကြိမ်များစွာကို လုပ်ဆောင်ခဲ့ပြီးလည်းဖြစ်ပါတယ်။ တကယ်တော့ One Map Myanmar Team ရဲ့ လုပ်ငန်းစဉ်များ၊ အစိုးရဌာနများနဲ့ ပြည်သူများ ပူးပေါင်းပါဝင်ကူညီမှ ကောင်းမွန်တဲ့ မြေပုံစနစ်ပေါ်ထွက်မှာဖြစ်ပါတယ်။ အဲဒီအပြင် လက်ရှိကျင့်သုံးနေတဲ့ စီမံခန့်ခွဲမှုရှိတဲ့ ဌာနတစ်ခုချင်းစီရဲ့ မြေပုံတွေဟာ မှန်ကန်တိကျဖို့လိုအပ်သလို ဌာနအားလုံးပူးပေါင်းချိတ်ဆက်နိုင်ဖို့ အရေးကြီးပါတယ်။ သတင်းအချက်အလက်များစွာ စုဆောင်းနိုင်မှသာ တစ်ခုတည်းသောမြေပုံစနစ်က အားကောင်းသွားမှာ ဖြစ်ပါတယ်။ ဌာနများရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ခြစားမှုကင်းမှုနဲ့ NGO , CSO တွေရဲ့ ထိရောက်တဲ့ ပံ့ပိုးကူညီမှုတွေက On Going သွားနေတဲ့ One Map Myanmar Team အဖွဲ့နဲ့အတူ ပူးပေါင်း ဆောင်ရွက်နိုင်မှသာ တစ်ခုတည်းသော မြေပုံစနစ်ပေါ်ထွက်လာမှာဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ MSDP စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလည်း အောင်မြင်အောင် အကောင်အထည်ဖော်လုပ်ဆောင် သွားနိုင်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အမျိုးသားမြေအသုံးချမှုဝါဒအောက်မှာ အမျိုးသားမြေဥပဒေပေါ်ထွက် လာစေရေးနှင့်အတူ ဆက်လက်လုပ်ဆောင်သွားရမယ့် မြေယာကိစ္စနှင့်ပတ်သက်တဲ့လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ဖို့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် ဆွေးနွေးဖို့ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးကို နည်းနည်းအသိပေးချင်ပါတယ်။ ကျွန်တော်တို့

အစည်းအဝေးအစီအစဉ်တွေက ကိုယ်စားလှယ်တွေကို ဝေထားပြီးသားဖြစ်တော့ ကိုယ့်အစီအစဉ်ပါရင် ကိုယ်ဘယ်အချိန်လောက်မှာကျမယ်ဆိုတာ ကိုယ်ခန့်မှန်းလို့ရပါတယ်။ အဲဒီတော့ ကိုယ့်ကိစ္စရှိရင် ဒါ ကျွန်တော်တို့ အချိန်မီလေးဖြစ်အောင် ကြိုတင်စီစဉ်ပြီးလုပ်ဆောင်ဖို့ ပြောကြားလိုပါတယ်။ ဆက်ဆွေးနွေးပါ။

**အချိန်၊ ၁၁း၃၁။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ကျွန်တော် ဆေးခန်း ခဏ သွားလိုက်ရပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းသွားတဲ့ မြေယာမှတ်ပုံတင်လုပ်ငန်းကို နှစ်ရှည်စီမံကိန်းချဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်မှ ထောက်ခံဆွေးနွေးသွားပါမယ်။ အဆိုကို အထောက်အကူဖြစ်စေမယ့် Projector Power Point နဲ့ မဖြစ်မနေထည့်ပြောရမယ့် အင်္ဂလိပ် ဝေါဟာရစကားလုံးများ သုံးစွဲခွင့်ပြုပါရန် ကြိုတင်တောင်းခံအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို အပိုင်း(၂)ပိုင်း ခွဲခြားပြီး တင်ပြ သွားပါမယ်။ ပထမအပိုင်းကတော့ ၂၀၀၇ ခုနှစ် မတိုင်မီကာလများမှာ တွေ့ကြုံခဲ့ရတဲ့ နယ်မြေဒေသ အလိုက် မြေစာရင်း၊ မြေရာဇဝင်နဲ့ မြေပုံများ တိကျသေချာမှုအားနည်းချက်ကို ဦးစွာရှင်းပြပါမယ်။ အမှန်တော့ မြေပုံနဲ့မြေပြင်ကွဲလွဲချက်များဟု ဆိုရပါမယ်။ ဒေသတစ်ခု သို့မဟုတ် နေရာတစ်ခုရဲ့ Location တည်နေရာကို မြေပုံမှာဖော်ပြရမှာ ပြည်ထောင်စုမြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့် လွင်ပြင်တွေအတွင်း မြေပုံနဲ့ မြေပြင်ကွဲလွဲချက်များ နည်းပါးသော်လည်း ပြည်နယ်ဒေသများ၊ ကုန်းမြင့် တောင်တန်းများ၊ ရိုးမတောင်များနေရာတွေမှာ ဖော်ပြချက်များမှာ ကွဲလွဲချက်များစွာတွေ့ရပါတယ်။

တကယ်တမ်း မြေပုံထုတ်ရတဲ့အခါမှာ ပေးထားတဲ့ ရက်ကန့်သတ်ချက်၊ Target Date ဝင်အောင် လုပ်ရပါသောကြောင့် ရခိုင်ရိုးမ၊ အရှေ့ရိုးမ၊ အလယ်ရိုးမ၊ ပဲခူးရိုးမတို့မှာ အောက်ခြေရှုပ် သားရဲတိရစ္ဆာန် အန္တရာယ်အယှက်ရှိတဲ့ လူသွားလမ်းတောင်မရှိတဲ့ ဒေသတွေမှာဖြစ်သောကြောင့် လည်းကောင်း၊ နေရာတိုင်းကို ခြေထောက်နဲ့ကွက်ပြည့်မနင်းနိုင်ပါဘူး။ တကယ်တမ်း မြေပုံပေါ်တင် ပြီးတော့ တည်နေရာ Location ဖော်ပြတဲ့အခါမှာ လောင်ဂျီတွဒ်အတွက် ဂဏန်း(၃)လုံး၊ လတ္တီတွဒ် အတွက် ဂဏန်း(၃)လုံး ပေါင်းဂဏန်း(၆)လုံးနဲ့ အတိအကျဖော်ပြရပါတယ်။ တစ်လက်မ (၁)မိုင်စကေး ဆိုရင် ဂဏန်း(၆)လုံး၊ တစ်လက်မ (၄)မိုင်စကေးဆိုရင် ဂဏန်း(၄)လုံးနဲ့ ပြရပါတယ်။ ၂၀၀၆ ခုနှစ်အထိ ကျွန်တော်တို့ကိုယ်တိုင် အသုံးပြုခဲ့တဲ့ Map တွေဟာ ၁၈၉၉ ခုနှစ် Air Photo ရိုက်ပြီးတော့ ၁၉၀၄ ခုနှစ်မှာ အိန္ဒိယ Map တွေနဲ့အတူ ပွဲထုတ်ခဲ့တဲ့မြေပုံတွေများပါတယ်။

နှစ်ပေါင်း (၁၅၀)အတွင်း အမျိုးမျိုးပြောင်းလဲပြီးတော့ မြေပုံနဲ့မြေပြင်ကွဲလွဲချက်တွေ ဖြစ်ပေါ်လာခဲ့ကြရပါတယ်။ ၁၉၇၀ ပြည့်နှစ်၊ နှစ်ကုန်ပိုင်းနဲ့ ၁၉၇၁ ခုနှစ် နှစ်စပိုင်း၊ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း ကွမ်းလုံရက်ပေါင်း(၄၀)တိုက်ပွဲ၊ ကွမ်းလုံခံစစ်ရဲ့ အရှေ့ကာတပ် မိမိတပ်တွေ

နေရာယူထားတဲ့ ရှောင်တိလင်တောင်ကြောကို အမြောက်ပစ်ကူပေးရာမှာ ကျည်ကျမှားပြီးတော့ မြင်စူရှမ်းတစ်ရွာလုံး ပျက်စီးသွားရဖူးပါတယ်။ နောက်ဆုံးခံစစ် ဟိုက်ကမ်းပါးကို Assault လုပ်ပြီးတဲ့ အခါမှာ Air Burst လေကွဲကျည်ကောင်းမှုနဲ့ နာရီဝက်အတွင်း တိုက်ပွဲကိုအဆုံးသတ်နိုင်ခဲ့ပါတယ်။ မြေပုံနဲ့ မြေပြင်ကွဲလွဲနေတာတွေ ဒီနေရာမှာ ခပ်ကောင်းကောင်းပါပဲ။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ အတွင်း ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ (၁၃)ရက်ကြာ ခံစစ်တိုက်ပွဲဆင်ရတဲ့ မိုင်းယမ်းတိုက်ပွဲမှာ လေကြောင်းပစ်ကူ(၈)ကြိမ်လုံး Cloudy တိမ်ထူနေလို့ ပစ်မှတ်ရှာမရ Lost Target Report တွေ တက်နေပါတယ်။ ဝေဟင်လေပြင်နှင့် မြေပြင်ဆက်သွယ်တဲ့ TRA-906 RT စက်ပေါ်မှာ ကျွန်တော်တို့ ကိုယ်တိုင်တက်ပြီးတော့ အော်ရပါတယ်။ အဲဒီအချိန်မှာ အကွာရာ(၈)လုံးကြီးလို့ခေါ်တဲ့ ယာယီ တပ်ရင်းမှူးက ထုံးဖြူသုတ်ထားတဲ့ RC Church ကျောင်းကြီးကိုမြင်လား။ အဲဒီ မြောက်ဘက်က ကိုက်(၄၀၀)အကွာမှာ ငါတို့ကို ကျားတက်ထိုးဖို့ ရန်သူတွေတန်းစီနေတယ်။ အဲဒီနေရာကို ရှိသမျှ ဗုံးတွေ အကုန်သွန်ချလိုက်လို့ပြောလိုက်တာ လေသူရဲက အမြင်မှားပြီးတော့ ထုံးဖြူဖွေးဖွေးစေတီလေး ရှိတဲ့ လောထန်ကုန်းကို ဗုံးချပစ်လိုက်ပါတယ်။ မြေပြင်အမြင်နဲ့ ဝေဟင်အမြင်က ကွာခြားခြင်းပါ။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး။ အခု ကျွန်တော်တို့ ဆွေးနွေးတဲ့ဟာက မြေယာ အုပ်ချုပ်ရေးကဏ္ဍမှာ ပိုမိုထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ဖို့ မြေကြီး၊ မြေပုံ မှန်ကန်ဖို့ပြောတာပါ။ စစ်အသုံးအနှုန်းနဲ့ မဆိုင်ပါဘူး။ အခု အဆိုကို သေချာကြည့်ပါ။ အဆိုကို နော်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်း လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် မြေယာအုပ်ချုပ်ရေးကဏ္ဍနော်။ ခိုင်မာမှန်ကန်သော မြေယာ အချက်အလက်များရရှိရေး၊ ကိုယ်စားလှယ်ကြီး တင်ပြနေတာက စစ်တိုက်တာနဲ့ပတ်သက်လို့ ခုနက Power Point တွေမှာလည်း မဆိုင်တဲ့ဟာတွေ။

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ နောက်တစ်ပိုင်းကျလို့ရှိရင် ပါသွားမှာပါ။

**ဥက္ကဋ္ဌ**။ ။ အေး ဟုတ်ပြီ။ သူ့အဆိုနဲ့ တိုက်ရိုက်သက်ဆိုင်တာပဲ ဆွေးနွေးပါ။

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ ဟုတ်ကဲ့ခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်မြေဖြစ်တဲ့ ထန်းတစ်ပင်မြို့နယ်၊ ဘောလယ်ကျွန်းဒေသဆိုရင် ကျေးရွာပေါင်း (၂၆)ရွာ၊ ကျေးရွာအုပ်စုပေါင်း (၆)အုပ်စု အားလုံးနီးပါး စပါးစိုက်တဲ့ စိုက်ပျိုးရေးရွာတွေချည်းပါပဲ။ လယ်မြေ ပိုင်ဆိုင်ခြင်း အငြင်းပွားမှုဖြစ်နေတာ (၉)မှုရှိပါတယ်။ (၆)မှုက လယ်မြေအကွက်နံပါတ် လွဲမှားနေတဲ့ ကိစ္စပါ။ မြေပုံလယ်ခွန်ဆောင်ထားတဲ့ လယ်ကွက်နံပါတ်နဲ့ တကယ်စိုက်ပျိုးလုပ်ကိုင်နေတဲ့ လယ်ကွက် နံပါတ်လွဲနေတာတွေ၊ လယ်သမားတွေက မြေခွန်ပြေစာကို သေချာမကြည့်မိကြပါဘူး။ စာမတတ် တာလည်း ပါ ပါတယ်။ လယ်သမားမှတ်ထားတာကတော့ သူ့လယ်ကွက်နဲ့ အနောက်ဘက်က သူ့လယ်ကွက်မှာ မြောက်ဘက်မှာ ဆေးရိုးပင်ကြီးရှိပြီးတော့ အနောက်ဘက်မှာ ညောင်ပင်ကြီးရှိတယ်။ ဒါပဲမှတ်ထားပါတယ်။

နောက်ပြဿနာတစ်ခုကတော့ ကျွန်တော်တို့ မြေတိုင်းစာရေးဌာနနဲ့ မြေတိုင်းဌာနက လယ်သမားရဲ့ လယ်မြေ(၈)ဧကကို ငွေရှင်တစ်ဦးဆီ လက်ညှိုးထိုးပြီးရောင်းလိုက်ပါတယ်။ ပြေစာ

စာချုပ် ချုပ်သွားပါတယ်။ ငွေရှင်က တရားဝင်ဖြစ်အောင် ရှေ့နေတစ်ယောက်စီမှာ သက်သေလိုက်ပေးပြီးတော့ မှတ်ပုံတင်အမည်ပေါက်လုပ်လိုက်ပါတယ်။ မူလ အမည်ပေါက်နေတဲ့လယ်ရှင်က ဘုမသိဘမသိနဲ့ အချုပ်ထဲရောက်သွားပါတယ်။ အလားတူပဲ ရွှေပြည်သာမြို့နယ်ထဲက သိမ်းဆည်းခံလယ်ယာမြေ အငြင်းပွားမှုတစ်ခုမှာ အိမ်ရာတည်ဆောက်ရေးစီမံကိန်းအရ မူလပိုင်ရှင်၏ ဧက(၃၀)ကို သိမ်းသွားတယ်။ မည်သည့်လျော်ကြေးမျှမရဘူး။ အဲဒီထဲက (၄)ဧကကျယ်တဲ့ အိမ်ခြံဝန်းတောင်မှ သီးမွှေးငှက်ပျောသီး စိုက်ပျိုးလုပ်ကိုင်စားသောက်နေပါတယ်။ မြေသိမ်းတဲ့အထဲမှာ (၄)ဧကပါသွားမှန်းလည်း မသိပါဘူး။ တရားဝင်မြေသိမ်းအမိန့်လည်း မရဘူး။ ၂၀၁၆ ခုနှစ်ကျမှ ဖယ်ရှားပေးရန် စာရောက်လာပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရခေတ်အဆက်ဆက် Land Administration, Land Management, Land Use Policy, မြေယာမူဝါဒ၊ မြေယာစီမံခန့်ခွဲရေး၊ မြေယာအုပ်ချုပ်ရေး၊ မြေယာဝယ်ခြမ်းရေးစတဲ့ လုပ်ငန်းတွေပေါ်မှာ တိတိကျကျမဆောင်ရွက်ခဲ့ကြလို့ ယခုမှအပြစ်တင်ဝေဖန်နေလို့ မသင့်တော်တော့ပါဘူး။ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များသာမက လယ်သမားများရင်ဆိုင်နေရတဲ့ မြေနဲ့ပတ်သက်တဲ့ ပြဿနာတွေကတော့ (၁) မြို့မြေ၊ ရွာမြေဆိုင်ရာ အငြင်းပွားမှု၊ (၂) လယ်ယာမြေဆိုင်ရာ အငြင်းပွားမှု၊ (၃) မြေလွတ်၊ မြေလပ်ဆိုင်ရာ အငြင်းပွားမှု၊ (၄) သိမ်းဆည်းခံလယ်ယာမြေ ပိုင်ဆိုင်မှု အငြင်းပွားမှု၊ (၅) သဘာဝသစ်တောကြိုးဝိုင်းကဲ့သို့သော အခြားမြေမျိုးဆိုင်ရာ အငြင်းပွားမှုစသည်ဖြင့် (၅)မျိုးသော ပြဿနာတွေက ရှိကြပါတယ်။

၂၀၀၇ ခုနှစ် UNDP စီမံချက်နဲ့ အောက်မြန်မာပြည် မြေစာရင်း၊ မြေပုံ အသစ်တိုင်းတာမှု စခဲ့တယ်လို့သိရပါတယ်။ အဲဒါအပြင် ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ One Map Project ဆောင်ရွက်နေကြောင်းကြားသိရပါတယ်။ ဒါပေမဲ့ အခုအချိန်အထိ ရလဒ်က မထွက်သေးပါဘူး။ ထိုင်းနိုင်ငံမှာ ၁၉၈၄ ခုနှစ်ကစပြီးတော့ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ဖို့ နှစ်ရှည်စီမံကိန်း နှစ်(၂၀) စီမံကိန်းဆောင်ရွက်ခဲ့ရာမှာ ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း(၂၀၀) ထောက်ပံ့ပေးတယ်။ ၂၀၀၅ ခုနှစ်မှာ ပြီးမြောက်သွားပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ပပညာရှင်ကြီးများ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ မြေယာအချက်အလက်များ ရှင်းလင်းလွယ်ကူတိကျသော ကိန်းဂဏန်းရရှိစေရေး အထူးအရေးကြီး လိုအပ်နေပါသောကြောင့် နှစ်ရှည်စီမံကိန်းချ ဆောင်ရွက်ပေးပါရန် လွှတ်တော်ကြီးမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဦးလှမြင့်သန်း ၏ အဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။


ခေတ်ဟောင်းက မြေပုံနှင့် လက်ရှိမြေပြင်အနေအထား ကွဲလွဲချက်များပြပုံ (၈၈)




ခေတ်ဟောင်းက မြေပုံနှင့် လက်ရှိမြေပြင်အနေအထား ကွဲလွဲချက်များပြပုံ (၈၈-၁)



ခေတ်ဟောင်းက မြေပုံနှင့် လက်ရှိမြေပြင်အနေအထား ကွဲလွဲချက်များပြပုံ (၁၁-၂)



**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ (၂၁)ရက်မြောက်နေ့ အစည်းအဝေး ၆ - ၃ - ၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၁)ရက်မြောက်နေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက် မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက် မြောက်နေ့ကို ၁၁း၃၉ နာရီ အချိန်တွင် ရပ်နားပါသည်။]